# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၁၅ ခုနှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၅၁]


**အပ္ပမာဒ မင်္ဂလာ**

ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်း သည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

သတင်း၊ စာမျက်နှာ ➢ ၃

## ရွှေတိဂုံစေတီတော်ကြီး အစွန့်ရှည်တည်တံ့ရေး ဂေါပကအဖွဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ



သတင်းဆောင်းပါး၊ စာမျက်နှာ ➢ ၁၁

# ဘုရားတောင်ပင်လယ်ဝကမ်းခြေ အပန်းဖြေစခန်းတည်ဆောက်ရေး လျှောက်လွှာများထပ်မံခေါ်ယူ

ရေး ဇွန် ၁၂

**မွန်ပြည်နယ် ရေးမြို့နယ်၏ အထင်ကရနေရာများဖြစ်သော ပင်လယ်ကမ်းခြေများအနက် ဘုရားတောင်ပင်လယ်ဝကမ်းခြေအပန်းဖြေစခန်းသစ် တည်ဆောက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန် ဒုတိယအပတ်မှစတင်၍ လျှောက်လွှာများ ထပ်မံခေါ်ယူနေကြောင်း သိရသည်။**

အဆိုပါ ပင်လယ်ကမ်းခြေကို အဆင့်မြင့် တည်ဆောက်နိုင်ရန်အတွက် ရေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအရ ကော်မတီက ဆောင်ရွက်လျက်ရှိသည့် ဘုရားတောင်ပင်လယ်ဝကမ်းခြေ၌ အဖွဲ့ပိုင် ၄. ၈၀ ဧကပေါ်တွင် အပန်းဖြေတည်းခိုဆောင်များ ဆောက်လုပ်မှုလုပ်ငန်းအား ပုဂ္ဂလိကပိုင် မြေအမည်ပေါက်စနစ်ဖြင့် ပုဂ္ဂလိကတစ်ဦးတည်းသို့ ခွင့်ပြုချထားပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသား မည်သူမဆို မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးသို့ ဇွန် ၂၀ ရက် ရုံးချိန်အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



## အမေရိကနှင့် ဥရောပသို့ မကြာမီထိုးဖောက်နိုင်တော့မည့် မြန်မာ့ကော်ဖီဈေးကွက်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၂

မြန်မာ့ကော်ဖီဈေးကွက်သည် ယနေ့အချိန်အခါတွင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ထိပ်တန်းအဆင့် ဈေးကွက်တန်းဝင်ရှိသော်လည်း ကမ္ဘာ့ကော်ဖီဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်ထားသည့် အမေရိကနှင့် ဥရောပ ကော်ဖီဈေးကွက်သို့ ထိုးဖောက်ဝင်ဆံ့နိုင်မှုမရှိသေး၍ မကြာမီ ထိုးဖောက်နိုင်ရန် ကြိုတင်လေ့လာသုံးသပ်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

"ကျွန်တော်တို့ မြန်မာ့ကော်ဖီသမိုင်းကိုကြည့်ရင် ရင့်ကျက်တဲ့အတွေ့အကြုံသမိုင်း ရှိပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကော်ဖီဈေးကွက်ထဲ အခုအချိန်အထိတော့ ဝင်ဆံ့မှုမရှိသေးပါဘူး။ အဲဒါကြောင့် world coffee tester တွေက အခုလိုလာပြီး မြန်မာ့ကော်ဖီဈေးကွက် ကမ္ဘာ့အဆင့်ထိုးဖောက်နိုင်ဖို့

*စာမျက်နှာ ၃ ကော်လံ ၁* ❋




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မြန်မာ့ရုပ်ရှင်လောကတိုးတက်လာနိုင်

မြန်မာ့ရုပ်ရှင်လောကသည် ကက်ဆက်တိပ်ခွေခေတ်အလွန် ရုပ်မြင်သံကြားစက်နှင့်ဗီဒီယိုပြစက်များ လူအများစုသုံးစွဲလာချိန်မှစ၍ မှေးမှိန်သွားခဲ့လာခဲ့သည်။ လွန်ခဲ့သောနှစ်များက အန်နာလော့စနစ်မှ ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲပြသသည့် ရုပ်ရှင်ရုံများ ပေါ်ပေါက်လာရာမှ တစ်ဖန်ပြန်လည်နိုးထလာခဲ့သည်။ ဒီဂျစ်တယ်စနစ်ဖြင့် ပြသနိုင်ခြင်း၊ ရုပ်ရှင်ရုံများ၏ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ သန့်ရှင်းမှုအဆင့်တိုးတက်လာခြင်းတို့ကြောင့် ရုပ်ရှင်ကြည့်ရှုသူများပြန်လည်များပြားလာသည်။ တစ်နည်းဆိုလျှင် ရုပ်ရှင်စီးပွားရေး ပြန်လည်ဦးမော့လာသည်ဟု ဆိုနိုင်ပါသည်။

သို့ရာတွင် လက်ရှိမြန်မာ့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရန် ကာလကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသောပြသရေးစနစ်ကြောင့် ရုပ်ရှင်ကားရိုက်ကူးထုတ်လုပ်မှုမှာ နှေးကွေးနေဆဲဖြစ်ပါသည်။ နှစ်စဉ်ရုပ်ရှင်ထူးချွန်ဆုများပေးရာတွင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားထဲမှ အကောင်းဆုံးကားများကို ရွေးချယ်ဆုချီးမြှင့်ပေးနေရပါသည်။ ရုပ်ရှင်ကားများများ ရိုက်ကူးထုတ်လုပ်ပြသနိုင်မှသာ အပြိုင်အဆိုင်အားကောင်းလာပြီး ရုပ်ရှင်လောကဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်ပြသနိုင်သော ဇာတ်ကားကောင်းများပိုမိုပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်ပြောင်းလဲနိုင်ရေးအတွက် ဇွန် ၁၀ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုံပိုင်ရှင်များတွေ့ဆုံကာ လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ တန်းစီစောင့်ဆိုင်းနေရသော ပြသရေးစနစ်မှ ရုံတွဲအပြိုင်ပြသနိုင်သည့်စနစ်သစ်တစ်ခုကို သဘောတူအတည်ပြုနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသဘောတူဆုံးဖြတ်အတည်ပြုချက်အရ ရုပ်ရှင်ကားများ ရုံတွဲအပြိုင်ပြသနိုင်တော့မည် ဖြစ်ပါသည်။

ရုံပြိုင်စနစ်ဟူသည် A Group နှင့် B Group နှစ်စုခွဲလိုက်ပြီး တစ်ချိန်တည်းမှာပင် ကားနှစ်ကားစုံပြသခြင်းဖြစ်ကြောင်း သိရသည်။ ဤကဲ့သို့ ရုံတွဲအပြိုင်ပြသနိုင်သည့်စနစ်ကြောင့် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုနှင့် ပြသမှုလုပ်ငန်းများတိုးတက်မြန်ဆန်လာနိုင်ကြောင်း၊ ပြည်သူများ ရုပ်ရှင်ဇာတ်ကားများများကြည့်ရှုလာနိုင်ပြီး ရုပ်ရှင်လောကတိုးတက်လာနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားသည်။

မြန်မာရုပ်ရှင်ကားများ ရုံတင်ပြသရန် ကာလကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရခြင်းကြောင့် တစ်ကားပြီးမှတစ်ကား ပြသရသည့်အတွက် ဇာတ်ကားများနှစ်နှင့်ချီ၍စောင့်ရခြင်း၊ ထုတ်လုပ်မှုငွေကြေးအမြတ်နည်းပါးခြင်း၊ နောက်တစ်ကားထပ်မံရိုက်ကူးရန် မလွယ်ကူခြင်းစသော အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ ထိုအခက်အခဲများကိုကျော်လွှားနိုင်ရန် မြန်မာ့ရုပ်ရှင်လောကသားများကိုယ်တိုင် ရုံတွဲအပြိုင်ပြသနိုင်သည့် စနစ်တစ်ရပ်ကိုဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း ဇာတ်ကားအများအပြား ထုတ်လုပ်ပြသနိုင်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဇာတ်ကားများကို ရွေးချယ်ကြည့်ရှုနိုင်မည့်အခွင့်အလမ်းကောင်းများရရှိလာမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့ရုပ်ရှင်လောက ပြိုင်ဆိုင်မှုအားကောင်းလာပြီး အပြိုင်အဆိုင်ကြားမှတိုးတက်မှုများရရှိလာနိုင်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊**
**မဲပေးမည်ဆိုပါက**
**သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## လုပ်ငန်းခွင်အနီး ကြာမြင့်စွာရပ်ထားသောယာဉ်များ ဖယ်ရှားပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ငုဝါလမ်းမကြီး၌ စည်ပင်သာယာမြောင်းတံတားဌာနမှ ရေမြောင်းများတူးဖော်နေခြင်းကြောင့် ဘေး၌ မြောင်းအမှိုက်များစုပုံထားရသဖြင့် လမ်းတစ်ခြမ်းခန့် မလွတ်မလပ်ဖြစ်နေသည်ကိုတွေ့ရှိရသည်။

အဆိုပါလမ်းနှင့် နှင်းဆီလမ်းထောင့်၌ ယာဉ်များအချိန်ကြာမြင့်စွာ ရပ်တန့်ထားခြင်းကြောင့် ထောင့်ချိုးလည်းဖြစ်၊ လုပ်ငန်းခွင်အန္တရာယ်နှင့်လည်းနီးကပ်၍ မော်တော်ကားများနှင့် ခရီးသွားလုပ်သားပြည်သူများ လမ်းကြောင်းပိတ်ဆို့မှုနှင့် ကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရကြောင်း ထိုရပ်တန့်ယာဉ်များကို ထိရောက်စွာအရေးယူသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ရွှေတိုင်လွင်**



## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသိပညာပေး

**ရန်ကုန် ဇွန် ၁၂**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)အရ ဇွန် ၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)ကျောင်းရှိ ယုဇနခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က မှခင်းအသိပညာပေးဟောပြောခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့ဗဟိုပြုရဲ လုပ်ငန်းစဉ်ပညာပေးဆောင်ရွက်မှု School Education Package (Level-1/2) Community Policing ကို ဆွေးနွေးသရုပ်ပြခြင်းကို လည်းကောင်း၊ အမှတ်(၄၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးရဲဝင်းစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လိုက်နာသင့်သည်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၄၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် နောက်ခံသမိုင်းကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ လက်ရှိမူးယစ်ဆေးဝါး အခြေအနေများ၊ မူးယစ်ဆေးဝါးဥပဒေအရ ပြစ်မှုနှင့်ပြစ်ဒဏ်များ တားဆီးနှိမ်နင်းရေး ဆောင်ရွက်ခဲ့သည့်သာဓကအမှုများ စသည်တို့ ပညာပေးဟောပြောကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၂၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၁၀-၅၁၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၁၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၀၀-၂၇၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၁၈၀-၁၂၂၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

ကျင်းပဆဲ လွှတ်တော်အသီးသီး၏ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများအတွက် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၅) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် လွှတ်တော်အစည်းအဝေး ကျင်းပသည့်ကာလအတွင်း လုံခြုံရေး၊ သတင်းပြန်ကြားရေး၊ တည်းခိုနေထိုင်ရေးအပါအဝင် အချို့ကိစ္စများ၌ လိုအပ်ချက်၊ လစ်ဟင်းချက်များရှိ၍ ယခုအစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်နေသည်ကိုတွေ့ရှိရပါကြောင်း၊ နိုင်ငံလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သကဲ့သို့ နိုင်ငံ၏ပြယုဂ်၊ ဒီမိုကရေစီ၏ပြယုဂ်ဖြစ်သော လွှတ်တော်များ၏လုံခြုံရေးသည်လည်း အရေးကြီးပါကြောင်း။

ပြီးခဲ့သည့်ရက်ပိုင်းက လွှတ်တော်အတွင်း၌ သတင်းမီဒီယာသမားများကို



သတင်းယူခွင့် ပိတ်ပင်လိုက်သည်ဟု သတင်းများ ထွက်ပေါ်လာပါကြောင်း၊ လွှတ်တော်က သတင်းယူခွင့် ပိတ်ပင်ခြင်းမရှိပါကြောင်း၊ Interpreter Booth အတွင်း သတင်းယူခွင့် မပြုခြင်းသာဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်းများကို ပိတ်ပင်ခြင်းမဟုတ်ပါကြောင်း၊ သတင်းရယူရာတွင် စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ သတင်းရယူရန်နေရာ၊ တွေ့ဆုံမေးမြန်းရန်နေရာများစီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ လုံခြုံရေး၊ သတင်းရယူရေးအပါအဝင် လွှတ်တော်အစည်းအဝေးများ အောင်မြင်အဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုနှစ်သည် ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများ၏ နောက်ဆုံးနှစ်ဖြစ်၍ အရေးကြီးသည့်ကာလဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခု အောင်မြင်သကဲ့သို့ ဆက်လက်အားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးက လွှတ်တော်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးရဲထွဋ်၊ ဦးမြတ်ဟိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်နှင့် ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့က သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဝင်းနှင့်တာဝန်ရှိသူများက လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံသစ် ဇွန် ၂၁ ရက်တွင် ဖွင့်မည်

**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ်ကြီးကို ဇွန် ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်ထံမှ သိရသည်။



တည်ဆောက်ပြီး တိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံကြီး၏ အတွင်းပိုင်းအပြင်အဆင်၊ အခန်းဖွဲ့စည်းထားမှုများ၏ ခမ်းနားထည်ဝါမှုများကို ဖွင့်ပွဲမတိုင်မီရက်များကတည်းက ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့များလာရောက်လေ့လာမှုများရှိရာ ဇွန် ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦး လာရောက်လေ့လာကြပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တာဝန်ရှိသူများက လွှတ်တော်အဆောက်အအုံကြီးအတွင်း လှည့်လည်ပြသခဲ့ကြသည်။

တိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ်ကြီးသည် အာရ်စီနှစ်ထပ်ဖြစ်ပြီး ပေ (၁၄၈× ၁၈၀) ကျယ်ဝန်းပြီး ပင်မအဆောက်အအုံ အမြင့်မှာ ပေ ၅၀ ရှိကာ ဘုံအဆင့်ထိပ်ဖျားအထိ အမြင့်သည် ၁၂၁ ပေ ရှိလက်မရှိကြောင်း၊ Foundation Depth မှာ ကိုးပေခြောက်လက်မ၊ Plinth Level Height မှာ ခုနစ်ပေနှင့် မုခ်ဦးဆောင် အကျယ်မှာ (၆၈×၄၈) ပေရှိပြီး အမြင့်မှာ ဘုံအဆင့်များအပါအဝင် ၇၂ ပေခြောက်လက်မရှိကြောင်း သိရသည်။

လွှတ်တော်နှင့် လွှတ်တော်ရုံးမြေကွက်အကျယ်မှာ (၂၂၀ × ၆၆၅)ပေ၊ ဧကအနေဖြင့်၂ ဒသမ ၇၈၁ ဧကရှိပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က စတင်ဆောက်လုပ်ခြင်းဖြစ်ကာ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။ လွှတ်တော်အတွင်းအခန်းများ ဖွဲ့စည်းထားမှုမှာ ပထမထပ်တွင် ၂၃ခန်းနှင့် မြေညီထပ်တွင် ၂၃ ခန်း စုစုပေါင်း ၄၆ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**❊ ရှေ့ဖုံးမှ**

ရည်ရွယ်လုပ်ဆောင်နေပါတယ်။ သူတို့က မြန်မာ့ကော်ဖီအရည်အသွေးကို အခုလို လာရောက်စမ်းသပ်ပြီး ကမ္ဘာ့ကော်ဖီဈေးကွက်ထဲကို ချပြမှာဖြစ်ပါတယ်။ ဒါမှ ကမ္ဘာ့ကော်ဖီဈေးကွက်ကိုချုပ်ကိုင်ထားတဲ့ အမေရိကားနဲ့ ဥရောပနိုင်ငံတွေကြား ထိုးဖောက်နိုင်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောကြားသည်။

မြန်မာ့ကော်ဖီဈေးကွက်ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်ရည်ရွယ်ပြီး ပြီးခဲ့သည့် မေလကုန်ပိုင်းက မြန်မာနိုင်ငံတစ်ဝန်း ဒေသထွက်ကော်ဖီများ၏ အကဲဖြတ်ပြိုင်ပွဲကို သာကေတ ရွှေပုစွန်၌ ပြုလုပ်ခဲ့သည်။ အဆိုပါ အကဲဖြတ်မှုများကို နယူးဇီလန်နိုင်ငံ အင်နိုဖေးတစ်ဖလိုက်လ်ကော်ဖီ ကုမ္ပဏီဒါရိုက်တာ ကမ္ဘာအနှံ့ အထူးတန်းဝင်ကော်ဖီများကိုလှည့်လည်ဝယ်ယူနေသူ Mr. Matt Graylee နှင့် အမေရိကန်နိုင်ငံမှ အထူးတန်းဝင်ကော်ဖီ အဖွဲ့အစည်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် ကော်ဖီအရည်အသွေးဌာနမှ စီစဉ်ညွှန်ကြားသူ ကော်ဖီအရည်အသွေး၊ဈေးကွက်နှင့်ကုန်သွယ်မှုဆိုင်ရာ အထူးကျွမ်းကျင်သူတစ်ဦးလည်းဖြစ်သည့် Mr. Andrew Hetzel တို့နှစ်ဦး သုံးရက်တိုင်တိုင် လာရောက်စမ်းသပ်အကဲဖြတ်ပေးခဲ့သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းကော်ဖီတွေကို အခုလို ပညာရှင်တွေ လာရောက်အကဲဖြတ် စမ်းသပ်ပေးတာကောင်းပါတယ်။ သူတို့က အခုလို စမ်းသပ်အကဲဖြတ်ပြီးရင် ကမ္ဘာ့ကော်ဖီဈေးကွက်ထဲကို ချပြမှာပါ။ မြန်မာ့ကော်ဖီအနေနဲ့ အရှေ့တောင်အာရှနဲ့ အာရှနိုင်ငံတွေကြားမှာညံ့တဲ့အထဲမပါပါဘူး။ ပြောရရင် ကိုလံဘီယာနိုင်ငံရဲ့ ကော်ဖီအရည်အသွေးကိုတောင် မီပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် One to Three ထဲ ဝင်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကော်ဖီဈေးကွက်ကိုချုပ်ကိုင်ထားတဲ့ အမေရိကနဲ့ ဥရောပဈေးကွက်ထဲကိုတော့ ထိုးဖောက်လို့ မရသေးဘူးဖြစ်နေတယ်။ ဈေးကွက်ထိုးဖောက်မှုနဲ့ လူသိနည်းနေသေးတာဖြစ်ပါတယ်။ အခုလို ကမ္ဘာ့ကော်ဖီပညာရှင်တွေ လာရောက်စမ်းသပ်အကဲဖြတ်ပြီးရင် အမေရိကနဲ့ ဥရောပနိုင်ငံဈေးကွက်တွေကို လက်လှမ်းမီထိုးဖောက်နိုင်တော့မှာပါ။ ဒီအကဲဖြတ်စမ်းသပ်မှုဟာ အခု ဇွန်လတွင်းပဲ သိရမှာဖြစ်ပါတယ်"ဟု ပြင်ဦးလွင်မှ ကော်ဖီစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးမင်းလှိုင်က ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးသည့်ဒေသများမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ဖြစ်ပြီး ယင်းဒေသများ၌ အများဆုံးစိုက်ပျိုးလျက်ရှိကာ စုစုပေါင်းစိုက်ပျိုးဧက တစ်သောင်းဝန်းကျင်မှ တန်တစ်ထောင်ဝန်းကျင်ထွက်ရှိလျက်ရှိကြောင်း ကော်ဖီနယ်ပယ်ဝန်းကျင် စိုက်ပျိုးလုပ်ကိုင်သူထံမှ သိရသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးသည့်ကော်ဖီအမျိုးအစားအများစုမှာ အာရီဘီကား၊ ရိုဘာစတားနှင့် အာရီရှင်းတို့ဖြစ်ကြသည်။ ထွက်ရှိသည့် တန်တစ်ထောင်ထဲမှ အရည်အသွေးမီ တန်နှစ်ရာကျော်နှင့် သုံးရာဝန်းကျင်ကို ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချလျက်ရှိပြီး ကျန်ကော်ဖီတန်ချိန်များကို ပြည်တွင်းရှိပြည်သူများအသုံးပြုနိုင်ရန် ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ယခုအခါ မြန်မာ့ ကော်ဖီကို ဂျပန်နှင့်ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ တစ်ကီလို ကို ၃ ဒသမ ၆ ဒေါ်လာရရှိကြောင်း သိရသည်။

ယခုအခါ မြန်မာ့ကော်ဖီကို ကမ္ဘာ့နိုင်ငံအများစုသို့ ဈေးကွက်နှင့် အရည်အသွေးအရ ထိုးဖောက်နိုင်မည်ဖြစ်သော်လည်း အစိုနည်းကို ကမ္ဘာက လက်ခံပြီး အခြောက်နည်းမှာ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုကြောင့် လိုအပ်လျက်ရှိနေသေး၍ မြန်မာ့ကော်ဖီအသင်းအစုအဖွဲ့များအနေဖြင့် အခြောက်နည်းကို ကမ္ဘာ့ကော်ဖီဈေးကွက်အတွင်း ရင်ပေါင်တန်းနိုင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တရုတ်နိုင်ငံ၌ တပ်မတော်ဂုဏ်သိက္ခာပျက်ပြားစေမှုဖြင့် လူကိုးဦးကိုဖမ်းဆီး



**ပေကျင်း ဇွန် ၁၂**

တရုတ်အာဏာပိုင်များက တပ်မတော်အရာရှိအများအပြားသည် ဆန္ဒပြရာတွင်ပါဝင်ခဲ့ကြပြီး တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဆိုကာအင်တာနက်ပေါ်တွင်ကောလဟလ သတင်းလွှင့်တင်ခဲ့သော လူကိုးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း တပ်မတော်သတင်းစာက ဇွန် ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ယင်းလူကိုးဦးသည် အင်တာနက်ပေါ်တွင် မဟုတ်မမှန်သတင်းလွှင့်ပြီးတပ်မတော်ကို ဂုဏ်သိက္ခာပျက်အောင်ပြုလုပ်ခဲ့သည်ဟု ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နေ့စဉ်သတင်းစာက ပြောခဲ့သည်။

၄င်းတို့သည် ဘလော့ခ်စာမျက်နှာများနှင့် မိုဘိုင်းဆော့ဖ်ဝဲများကို အသုံးပြု၍ လူထုလှုပ်ရှားမှုတွင် တပ်မတော်သားများ ပါဝင်သည်ဟုဆိုကာ တပ်မတော်နှင့်ဆိုင်သော ကောလဟလသတင်းများကို ဖြန့်ခဲ့ကြောင်း အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။

တပ်မတော် နေ့စဉ်သတင်းစာက လူကိုးဦးကို ဖော်ထုတ်နိုင်ခဲ့သော်လည်း ၄င်းတို့ထဲမှ သုံးဦးသာ မိသားစုနာမည်များ သိခဲ့ရကြောင်း၊ ၄င်းမိသားစုနာမည်များမှာ ဟွမ်၊ ရန်နှင့် ဆောင်တို့ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ယင်းလူကိုးဦးမှာ ကောလဟလ ထုတ်လွှင့်ခြင်းကို ဝန်ခံခဲ့ကြပြီး ၄င်းတို့ကို တပ်မတော်ဂုဏ်သိက္ခာပျက်စေမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သည်။ ယင်းထောင်ဒဏ်သည် ပုံမှန်အားဖြင့် ၁၅ ရက် ကြာမြင့်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းမပြုသေးပေ။

လွန်ခဲ့သောလကလည်း အင်တာနက်ပေါ်တွင် မဟုတ်မမှန် သတင်းထုတ်လွှင့်ခြင်းဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော လူ ၁၀ ဦးကို ထိန်းသိမ်းခဲ့သည်။

**(ရိုက်တာ)**

# တောင်ကိုရီးယားမားစ်ရောဂါကူးစက်မှု ၁၂၆ ဦးအထိရှိလာ

**ဆိုးလ် ဇွန် ၁၂**

တောင်ကိုရီးယားနိုင်ငံ၌ အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(မားစ်) ဖြစ်ပွားသူအရေအတွက်သည် ထပ်မံကူးစက်ခံရမှုလေးဦးရှိပြီး သောကြာနေ့အထိ စုစုပေါင်း ၁၂၆ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

လူလေးဦးမှာ မားစ်ရောဂါကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် စုစုပေါင်း ၁၂၆ ဦးအထိ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသစ်ဖြစ်ပွားသူများတွင် မေ ၂၇ ရက်က ဆိုးလ်မြို့ ဆမ်ဆောင်းဆေးရုံအရေးပေါ်အခန်း၌ သုံးရက်ကြာကုသမှုခံယူနေသော ၁၄ဦးမြောက်လူနာနှင့် ကိုင်တွယ်ထိတွေ့ခဲ့သူ သုံးဦးပါဝင်သည်ဟု ဆိုသည်။

ဆိုးလ် မြို့တောင်ဘက်ကီလိုမီတာ ၆၀ အကွာ ဖြန်းတက်ဆေးရုံ၌ အဆိုပါ ၁၄ ဦးမြောက်လူနာမှ ရောဂါကူးစက်ခံရသည့် အသက် ၇၀ အရွယ်အမျိုးသမီးမှာ အသက်ရှင်နေဆဲဖြစ်သည်။

အဆိုပါ ၁၄ ဦးမြောက်လူနာသည် ဆမ်ဆောင်းဆေးရုံ၌ လူအများစုကိုရောဂါပျံ့နှံ့စေသူဖြစ်ပြီး လူပေါင်း ၆၀ ကို ရောဂါကူးစက်စေခဲ့သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# နီပေါ၌ မြေပြိုမှုများကြောင့် ၅၅ ဦးထက်မနည်းသေဆုံး

**ခတ္တမန္ဒူ ဇွန် ၁၂**

နီပေါနိုင်ငံအရှေ့မြောက်ပိုင်း တာပလီဂျန်းခရိုင်၌ ဗုဒ္ဓဟူးနေ့ ညပိုင်းနှင့် ကြာသပတေးနေ့နံနက်ပိုင်းတို့တွင် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၅၅ ဦးထက်မနည်း သေဆုံးသွားကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အဆိုပါကြီးမားသောမြေပြိုမှုကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ခြောက်ခုအတွင်း ကျေးရွာသား ၅၅ ဦးသေဆုံးပြီး တစ်ဒါဇင်ကျော်ဒဏ်ရာရရှိကာ ကြာသပတေးနေ့နံနက်ထိ လူ ၄၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အင်္ဂလိပ်သတင်းစာ ရီပတ်ဘလီကာက ဖော်ပြသည်။

အစောပိုင်းတွင် တာပလီဂျန်းခရိုင်အခြေစိုက် နီပေါဒုတိယရဲမှူး ဆန်ထီရပ်ကိုင်ယာလာက လူ ၂၁ ဦး၏ ရုပ်အလောင်းများတွေ့ခဲ့ပြီး ၂၇ ဦး ပျောက်ဆုံးနေသည်ဟု ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုပါ မြေပြိုမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ကျေးရွာခြောက်ရွာအတွင်း နေအိမ်များရေစီးအတွင်းမျောပါသွားခဲ့ကြောင်း ကယ်ဆယ်ရေးတွင်ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်များက ပြောသည်။

ကယ်ဆယ်ရေးနှင့်ရှာဖွေရေးဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရသူအများအပြားမှာစိုးရိမ်ရကြောင်း၊ သေဆုံးသူအရေအတွက်တိုးလာမည်ကို စိုးရိမ်ပူပန်နေကြကြောင်း တာဝန်ရှိသူများက ပြောသည်။

**(ဆင်ဟွာ)**



# ပါကစ္စတန်တွင် ထိန်းသိမ်းခံထိုင်းကျောင်းသားများမှာ အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်မှုမရှိဟု အစိုးရပြောရေးဆိုခွင့်ရှိသူပြော

**ဗန်ကောက် ဇွန် ၁၂**

ပစ္စတိုသေနတ်တစ်လက်၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် လေယာဉ်ပေါ်တက်ရန် ကြိုးစားမှုဖြင့် ပါကစ္စတန်တွင် ထိန်းသိမ်းခဲ့သည့် ထိုင်းကျောင်းသားငါးဦးသည် အိုင်အက်စ်အဖွဲ့ သို့မဟုတ် ရာဇဝတ်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုမရှိကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ပါကစ္စတန်ရှိ ဘာသာရေးကျောင်းများတွင် ပညာဆည်းပူးခဲ့သော အဆိုပါ ထိုင်းကျောင်းသားငါးဦး တနင်္လာနေ့ညက လေယာဉ်ပေါ်တက်ရန် လုပ်ဆောင်စဉ် ဖမ်းဆီးခံခဲ့ရသည်။

ကျောင်းသားများနှင့် ရာဇဝတ်အဖွဲ့များကြား ဆက်သွယ်မှုရှိသည့် သက်သေအထောက်အထားများ လုံးဝမရှိကြောင်း၊ အိုင်အက်စ်အဖွဲ့နှင့် ကျောင်းသားများဆက်သွယ်မှုရှိသည်ဆိုသည့်သတင်းမှာ မမှန်ကြောင်း အစိုးရဒုတိယပြောရေးဆိုခွင့်ရှိသူက ရိုက်တာသို့ ပြောကြားခဲ့သည်။

ဇွန် ၁၂ ရက်တွင် ဗန်ကောက်ပို့စ်က စုံစမ်းထောက်လှမ်းရေးသတင်းရင်းမြစ်များကို အခြေခံ၍ကျောင်းသားငါးဦးအနက် နှစ်ဦးသည် အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်သည်ဟု သံသယရှိကြောင်း ရေးသားဖော်ပြခဲ့သည်။

အစ္စလမ္မာဘတ်ရှိထိုင်းသံရုံးမှသံရုံးတာဝန်ခံများသည် ကျောင်းသားများထံသွားရောက်ကာ လိုအပ်သည်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ ကျောင်းသားများကို လာဟိုးတွင် ထိန်းသိမ်းထားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရင်းမြစ်များအရ သိရသည်။ **(ရိုက်တာ)**



# ပါကစ္စတန်အစိုးရက Save the Children ရုံးအား ချိပ်ပိတ်

**အစ္စလာမ္မာဘတ် ဇွန် ၁၂**

လျို့ဝှက်သူလျှိုအဖြစ်ဆောင်ရွက်နေကြောင်း စွပ်စွဲကာ အင်န်ဂျီအိုအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သော Save the Children အဖွဲ့အား နိုင်ငံမှထွက်သွားရန် အချိန် ၁၅ ရက်ပေးခဲ့ကြောင်း ဇွန် ၁၂ ရက်တွင် ပါကစ္စတန်အာဏာပိုင်များက ပြောခဲ့သည်။ ရဲများက ထိုအဖွဲ့ရုံး၏ဂိတ်တံခါးကို မြို့တော်အစ္စလာမ္မာဘတ်၌ ကြာသပတေးနေ့နှောင်းပိုင်းကပိတ်ခဲ့ပြီး အဆိုပါအဆောက်အအုံအား ချိပ်ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

Save the Children အဖွဲ့ကမူ ယခုကဲ့သို့ပြုမူခြင်းကို အပြင်းအထန်ကန့်ကွက်ကြောင်းနှင့် ၄င်းတို့အနေဖြင့် နိုင်ငံတစ်ဝန်းအစိုးရအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းစီစဉ်ဆောင်ရွက်ရန်သာဖြစ်ပြီး ကျန်းမာရေး၊ အာဟာရ၊ ပညာရေးနှင့်ကလေးသူငယ်များ အကျိုးစီးပွားများအတွက် ပုဂ္ဂလိကဝန်ဆောင်မှုစနစ် အားဖြည့်ဆောင်ရွက်ရေးကိုသာ လုပ်ဆောင်ခဲ့ကြောင်း ပြောဆိုခဲ့သည်။

**(ရိုက်တာ)**

# ကာဗွန်လျှော့ချမှု ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်ဖြစ်လာ

**ဂျီနီဗာ ဇွန် ၁၂**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဖွဲ့စည်းပေးထားသော အဆင့်မြင့်အကြံပေးအဖွဲ့အနေဖြင့် ပို၍လုံခြုံဘေးကင်းသည့် အပြင် ပို၍ကောင်းမွန်သော၊ ပိုမိုထိရောက်ပြီး စဉ်ဆက်မပြတ် သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးမြှင့်လုပ်ဆောင်ပေးသွားနိုင်ရန် ကြာသပတေးနေ့က သဘောတူညီခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ စဉ်ဆက်မပြတ်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင့်မြင့်အဖွဲ့အနေဖြင့် မီလန်နှင့် အီတလီတွင် တွေ့ဆုံဆွေးနွေးမှုပြုခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာဆွေးနွေးပွဲကို ကျင်းပပြုလုပ်သွားရန် သဘောတူညီခဲ့ကာ မူဝါဒရေးဆွဲသူများ၏ အကြံဉာဏ်ရယူကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် သဘောထားထုတ်ပြန်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောထားအမြင်ထုတ်ပြန်သွားမည်ဖြစ်ရာ သယ်ယူပို့ဆောင်ရေးတွင် အရေးကြီးသောအချက်များဖြစ်သည့် လမ်းဘေးကင်း စိတ်ချလုံခြုံရေး၊ ယာဉ်ကြောပိတ်ဆို့မှုရာသီဥတုဆိုင်ရာ ထိရောက်စွာ လုပ်ဆောင်သွားရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သန့်စင်သောလောင်စာ သုံးစွဲနိုင်ရေးတို့ပါဝင်မည်ဖြစ်သည်။

**(ဆင်ဟွာ)**







# မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဇွန် ၁၂**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သား၊ သမီး၊ ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက စတုတ္ထအကြိမ် ပညာရည် ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

ယင်းသို့ချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင် သို့မဟုတ် မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့်အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း သို့မဟုတ် အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင် သို့မဟုတ် မိခင်၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းအမှတ်၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူ၏ (၄"×၆")ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၏မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ဩဂုတ် ၂၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှတ် (၁၇၃/၁၇၅)(၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့သိုင်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အသက် ၁၆ နှစ်အောက် မြန်မာ့သိုင်းပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဗန်တိုအတိုက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်းပညာစဉ်ပြပြိုင်ပွဲ (လက်၊ ဓားတစ်လက်၊ ဓားနှစ်လက်၊ တုတ်ရှည်၊ လှံ)၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသင်းလိုက်စွမ်းရည်ပြပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး မြန်မာ့သိုင်းပြိုင်ပွဲအတွက် ဇွန် ၁၆ ရက် နောက်ဆုံးစာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



**မြန်မာ့ရိုးရာ သိုင်းပညာစွမ်းရည်ပြသနေသော အမျိုးသမီးတစ်ဦး။**

# စွမ်းဆောင်ရှင်များအသင်းမှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၂**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ အမေရိကန်ပြည်ထောင်စု State Department ကကြီးမှူးပြီး Tigers@ Mekong အစီအစဉ်ဖြင့်ကျင်းပသည့် “Entrepreneurship Ecosystem Summit” သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်မေညိုသည် ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကောလင်းမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကောလင်း ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မေ ၁၆ ရက်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့သော တောင်ပုံအုပ်စု တောင်ပုံကျေးရွာနှင့် ဥတုံးပင်ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားသည်။

ထို့နောက် လေပြင်းတိုက်ခတ်၍ ပြိုကျပျက်စီးသွားသော အိမ်ခြေ ၄၈ လုံးအနက် ပြိုကျသွားသော အိမ်နှစ်လုံးအတွက် တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ခြေ ၄၈ လုံးနှင့် အိမ်ထောင်စု ၄၈ စုအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၁၇၂၈၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်တာဝန်ရှိသူများက ပေးအပ်ရာ လေဘေးသင့်ပြည်သူများက လက်ခံရယူကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်အတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ၁၄-၆-၂၀၁၅ ရက်နေ့တွင် ဒဂုံ(တောင်ပိုင်း)၊ ဒေါပုံ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့)၊ ရန်ကင်း၊ ပုဇွန်တောင်၊ ဒဂုံ(မြောက်ပိုင်း)၊ သင်္ဃန်းကျွန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ကမာရွတ်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတား၊ အလုံ၊ လှိုင်၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ သုံးခွ၊ ကော့မှူး၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ထန်းတပင်၊ ဖောင်ကြီး၊ အင်းတိုင်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၈ နာရီမှ ၁၆:၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ စာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၂**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ်(နေ့သင်တန်း) မြန်မာစာအထူးပြုဖြင့် တက်ရောက်နေသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်အမှတ်အများဆုံးရရှိပြီး ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆုရသူကျောင်းသူ လေးဦးနှင့် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများစာရင်းကို ဇွန် ၁၁ ရက်က ထုတ်ပြန်ကြေညာသည်။

မြန်မာစာအထူးပြုတက်ရောက်နေသူများမှ မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိ၍ ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုရရှိကြသူများမှာ မအေးသီရိငြိမ်းစု (ဘ) ဦးဝင်းအောင်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး၊ မလွဲလွဲဝင့် (ဘ) ဦးလှထွန်း၊ မန္တလေးတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး၊ မဆုမြတ်စန္ဒီ (ဘ) ဦးသန့်ဇင်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မမိသီရိထွန်း (ဘ) ဦးမြင့်ဦး၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

ဘာသာရပ်အလိုက် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိကြသူများမှာ မြန်မာစာဘာသာရပ်တွင် ပထမဆုကို မမေမြတ်နိုး(ဘ) ဦးအောင်ခိုင်၊ အထက(၁)ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မောင်အောင်မြတ်မင်း(ဘ) ဦးဗိုလ်မြင့်၊ အထက (၄) မကွေး၊ မကွေးတိုင်းဒေသကြီး၊ တတိယဆုကို မနှင်းယုဝါအောင်(ဘ) ဦးခင်မောင်ဌေး၊ အထက(၆) ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီးတို့ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုကို မောင်ကောင်းထက်သူကျော် (ဘ) ဦးစိုင်းအောင်ကျော်၊ အထက(၄) တောင်ကြီး၊ ရှမ်းပြည်နယ်၊ ဒုတိယဆုကို မအိန္ဒြေဦး(ဘ) ဦးအုန်းမြင့်ဦး၊ အထက(၁) မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ တတိယဆုကို မောင်ပိုင်ဇော်ဟိန်း(ဘ) ဦးကျော်ထွေး၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မအေးမြချမ်းသာ(ဘ) ဦးကျော်စိန်ထွန်း၊ အထက(၂)လသာ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မောင်ဝေလွင်ဦး(ဘ) ဦးလှမြင့်၊ အထက (၆) ဗိုလ်တထောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မောင်ဝေဖြိုးဟိန်း(ဘ) ဦးဌေးလှိုင်၊ အထက(၁)ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မောင်အောင်သီ (ဘ) ဦးသုခမိန်အုပ်၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မထက်ထက်လင်းမြတ်(ဘ) ဦးဘချစ်၊ အထက(၂) လသာ၊ ရန်ကုန်တိုင်းဒေသကြီးတို့ကလည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မမေမြတ်နိုး(ဘ) ဦးအောင်ခိုင်၊ အထက(၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မဉမ္မာလေး (ဘ) ဦးဖာစွမ်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မသီရိထက်နိုင်(ဘ) ဦးမျိုးနိုင်၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုကို မနှင်းယုနိုင် (ဘ) ဦးကျော်မင်းနိုင်၊ အထက ကြံခင်း၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို နန့်မေမြတ်သူ (ဘ) မန်းဂေါ်ရီ၊ အထကမြို့မ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို မနမ့်ထက်ထက်ထွန်း(ဘ) ဦးစအဲလ်ဘတ်အေးလှ၊ အထက(၂) ဗန်းမော်၊ ကချင်ပြည်နယ်တို့ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုခန်းမ (A) ၌ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သည့်နည်းလမ်း အကောင်အထည်ဖော်နိုင်ရေးကြိုးပမ်း

နေပြည်တော် ဇွန် ၁၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံ အမတ်ကြီး မစ္စတာ ရန့်ဟို့လန့်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Senior Colonel Wang Jinbo နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရချင်း၊ နိုင်ငံချင်း ပြဿနာကြီးကြီးမားမားမရှိခဲ့ဘဲ နယ်စပ်ဒေသရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်တွေအပေါ်မူတည်ပြီး အခက်အခဲဖြစ်သည်ဟု ရှုမြင်ပါကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သည့် နည်းလမ်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန့်ဟို့လန့်က နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေများ ဘယ်လိုပြောင်းပြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခြေအနေ ပြောင်းလဲရန်မရှိပါကြောင်း၊ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ အခက်အခဲများကို အချိန်မီဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ ဖုန်ကြားရှင်ကို ဆက်သွယ်၍ ကိုးကန့်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲများရပ်စဲရန်၊ ပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပေးရန် တောင်းဆိုခဲ့ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများသည် နှစ်နိုင်ငံစလုံးအတွက် အနှောင့်အယှက်ဖြစ်စေ၍ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များအား အခိုင်အမာ ထောက်ခံအားပေးပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# လက်ရှိငွေကြေးစနစ်တည်ငြိမ်ရန် ရင်းနှီးမြှုပ်နှံမှုငွေများ အလွယ်တကူဝင်ရောက်နိုင်ရေး ဗဟိုဘဏ်နှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အမြန်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်

**နေပြည်တော် ဇွန် ၁၂**

လတ်တလောဖြစ်ပေါ်နေသည့် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ အစည်းအဝေးကို မေ ၁၃ ရက်တွင် ပထမအကြိမ်ကျင်းပ၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အကြံဉာဏ်များ ရယူခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများ နေ့စဉ်ဆက်သွယ်မှု ပြုလုပ်ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့၏ အမြင်များဖြင့် ဆွေးနွေးနိုင်ရန် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ထပ်မံပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ လတ်တလော ဖြစ်ပေါ်နေသည့် ငွေကြေးနှင့် ပတ်သက်၍ မေခရို စီးပွားရေးအပေါ် ထိခိုက်နိုင်မှုကို လွန်ခဲ့သည့်နှစ်ကတည်းက ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုမရှိပါက နိုင်ငံတော်၏ တည်ငြိမ်မှုကို ထိခိုက်နိုင်ပါကြောင်း၊ ငွေကြေးကိစ္စရပ်များသည် ထိလွယ်၊ ရှုလွယ်ဖြစ်နိုင်သည်ကို အသိပေးပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ငွေကြေးကိစ္စများနှင့် ပတ်သက်၍ မေခရိုစီးပွားရေးတည်ငြိမ်မှုရှိရန် လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့်နိုင်ငံရေး တည်ငြိမ်မှုမရှိလျှင် နိုင်ငံ၏ အဘက်ဘက်တွင်လည်း ထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဂရုပြုထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ပြုလုပ်သည့် အစည်းအဝေး၌ ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကမ္ဘာ့စီးပွားရေးအခြေအနေ၊ မြန်မာ့စီးပွားရေးအခြေအနေနှင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသပို့ကုန်၊ သွင်းကုန်အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးသည်။




ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်မှုမရှိဘဲ စဉ်ဆက်မပြတ်ဝင်ရောက်လျက်ရှိပါကြောင်း၊ ယခုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၈) ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ရှိပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် လက်ရှိငွေကြေး အခြေအနေကို အဆင်ပြေအောင် ဆောင်ရွက်မှသာ ပြည်ပမှ ငွေကြေးစီးဝင်မှုလျင်မြန်မည်ဖြစ်၍ အဆင်ပြေအောင် စီမံဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဂင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြည်တွင်း၌ ခွင့်ပြုထားသည့်နိုင်ငံခြားဘဏ်များမှ ပြည်တွင်းဘဏ်များကို အကူအညီပေးနိုင်မည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ပြည်တွင်းမှာရှိသည့် နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များ၏ လိုအပ်ချက်ကို များစွာအကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ငွေကြေးဖောင်းပွမှုအနေအထားနှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှတာဝန်ရှိသူက ဆန်စပါး တင်ပို့မှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူက လုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့် အကြံပြုချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဘဏ်အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နိုင်မှု အနေအထားနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့အပြင် နိုင်ငံတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ လျှောက်ထားသည့် ပြည်ပချေးငွေများကို လျင်မြန်စွာ ခွင့်ပြုပေးရန်ကိစ္စ၊ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ယူထားသည့် နိုင်ငံခြားဘဏ်ဘဏ်ခွဲများမှလည်း ပြည်တွင်း ဘဏ်များကို Interbank Market မှတစ်ဆင့် အမေရိကန်ဒေါ်လာဖြင့် ချေးငွေများလွယ်ကူလျင်မြန်စွာ ချေးပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီးပွားရေးဆိုင်ရာ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့်စီမံဆောင်ရွက်မှုများအပေါ် ပြည်တွင်း ပုဂ္ဂလိကဘဏ်များအနေဖြင့် လိုက်ပါဆောင်ရွက်ရန် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ဘဏ်စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စာရင်းပြောင်းနည်းဖြင့် ဒေါ်လာများ ရောင်းဝယ်သည့်စနစ်ကို လျှော့ချနိုင်ရေး၊ ဈေးကွက်အတွင်း ဈေးကစားမှုများကို လျှော့ချရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ် ပြောကြားရာတွင် လတ်တလော ဖြစ်ပေါ်နေသော ငွေကြေးကိစ္စများအပေါ် ဘက်ပေါင်းစုံမှ တာဝန်ရှိသူများက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ငွေကြေးစနစ် တည်ငြိမ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုငွေများ အလွယ်တကူဝင်ရောက်နိုင်ရန်မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အမြန်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များကို ငွေကြေးကူညီနိုင်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၎င်းတွင်ရှိသော အရန်ငွေထဲမှ ပြည်တွင်းဘဏ်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သော ငွေကြေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီသွားရန်လိုအပ်ပါကြောင်း၊ ပို့ကုန်များအတွက် ရရှိသည့်ငွေကြေးကိုလည်း ဘဏ်များမှတစ်ဆင့် ပေးသွင်းရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေး လိုအပ်သည့်အဖွဲ့များဖွဲ့စည်းပြီး အမြန်ဆုံးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တပ်ကသိမ်းယူထားသည့်သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု လယ်မြေနှင့်တောင်ယာဧက ၄၀ ခန့်အား ပြန်လည်စွန့်လွှတ်ပေးမည်

နေပြည်တော် ဇွန် ၁၂

**ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် မြေယာကိစ္စများနှင့်စပ်လျဉ်းသည့်မေးခွန်းများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။**

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ပေါက်မြို့နယ် မျှားပိုင်ကျေးရွာအုပ်စုအတွင်း ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၂၄) တည်ဆောက်ခဲ့သည့်အတွက် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများအား ထိုက်သင့်သည့် လျော်ကြေးပေးရန်နှင့် မြေစာရင်း ပုံစံ (၇)ရရှိပြီး၍ တောင်သူများလက်ရှိ စိုက်ပျိုးမြေအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်များကို ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** အမှတ်(၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၏ တပ်ပိုင်မြေသိမ်းဆည်းခြင်းတွင် ဦးပိုင်ပေါက်လယ်မြေ ၁၃၀ ကျော်၊ ယာမြေ ၃၀၆၀ ကျော်နှင့် ကိုင်းမြေ ၂၀၀ ကျော်သိမ်းဆည်းခဲ့ပြီး မြေလျော်ကြေး ငွေကျပ် ၁၇၄၀၀၀၀၀ ကျော်အား ၂၀၁၁ ခုနှစ်တွင် ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်ရုံနယ်နိမိတ်ကျောက်တိုင်များမှာ မှားယွင်းမှုမရှိကြောင်း၊ စက်ရုံ၏လုံခြုံရေး မထိခိုက်စေသော နေရာများတွင် တောင်သူများသို့ အခမဲ့စိုက်ပျိုးခွင့်ပေးထားသောကြောင့် တပ်နယ်နိမိတ်ကျောက်တိုင်များအား ပြန်လည်ပြင်ဆင်ရွှေ့ပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြေကြားစဉ်။ (သတင်းစဉ်)

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းက **မိုးမောက်မြို့နယ် နောင်ကွမ်ကျေးရွာအုပ်စုရှိ တောင်သူ ၁၂ ဦး၏ လယ် ၆၇ ဧကခန့်ကို အမှတ်(၃၇၀) အမြောက်တပ်ရင်းမှ သိမ်းယူထားရာ ပိုလျှံလယ်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** တပ်ပိုင်မြေသိမ်းဆည်းရာတွင် ပါဝင်ခဲ့သည့် ဦးပိုင်ပေါက်လယ်မြေ ၃၇ ဧကမှာ တပ်ပိုင်မြေသိမ်းဆည်းစဉ် မူလမြေပိုင်ရှင်ခြောက်ဦး၏ သဘောတူညီကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးထားခဲ့ပြီး မှန်ကန်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ထောက်ခံတင်ပြထားခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ တပ်ပိုင်မြေ ၆၁၇ ဧကအား ၂၀၀၄ခုနှစ် အမှတ်(၃၇၀) အမြောက်တပ်ရင်းဖွင့်လှစ်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး လက်ရှိအချိန်တွင် အဆိုပါလယ်မြေ ၃၇ ဧကအား တပ်မိသားစုစိုက်ပျိုးမွေးမြူရေးများ ဆောင်ရွက်လျက်ရှိပြီး တပ်အဆောက်အအုံများနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ တပ်မှလက်ရှိအသုံးပြုလျက်ရှိပြီး အဆောက်အအုံများနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက **သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု နောင်သကြားကွင်းတွင် တည်ရှိသည့် လယ်မြေဧက ၂၀ ခန့်နှင့် တောင်ယာဧက ၂၀ ခန့်တို့ကို ၁၉၉၅ ခုနှစ်က (၅၀၃) တပ်ရင်းမှ သိမ်းယူသွားခဲ့သဖြင့် မည်သည့်အချိန်တွင် ပြန်လည်စွန့်လွှတ်မည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လယ်မြေနှင့် တောင်ယာဧက ၄၀ ခန့်အား ပြန်လည်စိစစ်ချက်အရ အမှတ်(၅၀၃) ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ ၉၆ ဒသမ ၆၇ ဧကအတွင်း ပါဝင်ခဲ့သော်လည်း အဆိုပါနေရာသည် ဂေါ်ဒန်ကျောက်ထုတ်လုပ်ရေးသို့သွားရောက်သည့် ကျောက်ခင်းလမ်း၏ တစ်ဖက်တွင်ရှိခြင်းကြောင့် ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးခိုင်မောင်ရည်က ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီး လွှတ်တော်က အတည်ပြုသည်။

**(သတင်းစဉ်)**

# (ယင်းမာ)အထူးစီမံချက် ဒုတိယပတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက် (ယင်းမာ)စီမံချက်ကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒုတိယရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ဆိုင်းဘုတ်ချိတ်ဆွဲခြင်း ၄၁ မြို့နယ်၊ အသိပညာပေးဟောပြောပွဲ ၃၅ မြို့နယ်၌ ၆၅ ကြိမ်၊ ညှိနှိုင်းအစည်းအဝေးများအား ၁၃ မြို့နယ်၌ ၁၈ ကြိမ်၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဝေခြင်း ရှစ်မြို့နယ်၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း ငါးမြို့နယ်၊ သင်တန်းဖွင့်ခြင်း ခြောက်မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။

မွေးမြူရေးလုပ်ငန်း အဖွဲ့မှ သင်တန်းဖွင့်လှစ်ခြင်း ခုနစ်မြို့နယ်၊ ပညာပေးဟောပြောခြင်း နှစ်မြို့နယ်၌ လေးနေရာ၊ ကာကွယ်ဆေးထိုးပေးခြင်း လေးမြို့နယ်၊ ဆေးကုသပေးခြင်း လေးမြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆေးကုသရေးလုပ်ငန်းအဖွဲ့မှ One Stop Service ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှာ လူနာသစ် ၄၃ ဦး တက်ရောက်ခဲ့ပြီး မက်သာဒုံးဆေးရည်သောက်သုံးသူ ၈၄၀၀၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ၁၃၅ ဦး စစ်ဆေးခဲ့ပြီး ဘီပိုးကာကွယ်ဆေး ၁၂၃ ဦးကို ထိုးနှံပေးခြင်း၊ HIV ပိုးရှိ/ မရှိ ၁၀ ဦးအား ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်း၊ မြို့နယ်နှစ်မြို့နယ်တွင် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့မှ မြို့နယ်နှစ်မြို့နယ်တွင် ဟောပြောပွဲကျင်းပခြင်း၊ အသိပညာပေးခြင်း ငါးမြို့နယ်၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့မှ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အကြိုအခမ်းအနားသုံးမြို့နယ်နှင့် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲ ကျင်းပခြင်း ၃၉ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှု ၅၄ မြို့နယ်၊ လက်ကမ်းစာဆောင်များ ထုတ်ဝေမှု ၄၈ မြို့နယ်၊ နံရံကပ်စာစောင်ပြသမှု ၂၃ မြို့နယ်၊ ဓာတ်ပုံပြပွဲကျင်းပခြင်း ၂၁ မြို့နယ်၊ ဟောပြောပွဲကျင်းပခြင်း ငါးမြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်း ခြောက်မြို့နယ်၌ (၉)ကြိမ်၊ အသိပညာဆွေးနွေးခြင်း ရှစ်မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဇွန် ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၇ တွင် ဖော်ပြခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ သတင်းကော်လံ ၃၊ စာကြောင်းရေ ၃ ၌ **''ဒုတိယပြည်ထောင်စုတရားသူကြီး** "အစား" **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်''**ဟု ဖြည့်စွက်ဖတ်ရှုပါရန်။ **(ပြည်ထောင်စုလွှတ်တော်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အတွင်းရေးမှူး ဦးဝင်းခိုင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင်၁၀၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွဋ်ခေါင်လွင် (ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)၏ မိသားစုဝင်နှစ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ (ကျွန်းစုမဲဆန္ဒနယ်)၏ မိတ်ဆွေနှစ်ဦးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမ ၃၃ ဦး စုစုပေါင်း ၁၄၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

# ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် အကျဉ်းထောင်စစ်ဆေး

**လွိုင်ကော် ဇွန် ၁၂**

ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်သည် လွိုင်ကော်ခရိုင်တရားသူကြီးနှင့်အတူ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ဌေးက အကျဉ်းသား/အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါအခွင့်အရေး များရရှိမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်တရားသူကြီးချုပ်က အကျဉ်းသားများ/အချုပ် တရားခံများနှင့် အကျဉ်းဆောင်များတွင် လိုက်လံတွေ့ဆုံပြီး နေထိုင်မှု၊ စားသောက်မှု၊ ကျန်းမာရေး၊ ဆေးကုသမှု၊ ကိုးကွယ်မှုစသည်ဖြင့် အကျဉ်းသားများ၏ ရပိုင်ခွင့်ကိစ္စများကိုမေးမြန်းရာ အကျဉ်းသား အခွင့်အရေးများရရှိပါကြောင်း စစ်ဆေးတွေ့ရှိရသည်။

အကျဉ်းထောင်တွင် အကျဉ်းသား စုစုပေါင်း ၄၈၆ ဦး တွေ့ရှိရပြီး ကြည့်ရှုစစ်ဆေးမှု မှတ်တမ်းစာအုပ်တွင် လိုအပ်သောမှတ်ချက်များ ရေးသားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# မဲပေးခွင့်ရှိသူစာရင်းများ ထုတ်ပြန်ကြေညာ

မယ်စဲ့

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်မီသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးနိုင်ခွင့်ရှိလူဦးရေစာရင်းများကို မယ်စဲ့မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ခြောက်အုပ်စု၌ မဲပေးပိုင်ခွင့်ရှိသူစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန် ၈ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘော်လခဲ

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်၌ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းများ ထုတ်ပြန်ကြေညာခြင်းကို ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ကြေညာသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ် ပြည့်မီသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးနိုင်ခွင့်ရှိလူဦးရေစာရင်းများကို ဘော်လခဲမြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု စုစုပေါင်း ခုနစ်အုပ်စုကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင်တစ်ချိန်တည်းတစ်ပြိုင်တည်း ဇွန် ၈ ရက်တွင် ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများ မဲပေးခွင့်ရှိသူ ဦးရေနှင့် နာမည်စာရင်းများကို အသေးစိတ်လေ့လာနိုင်ရန်နှင့် အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မတီဝင်များထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ လှရွှေ(ဧမိ)

*၁၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၂-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံနေ့စဉ်ထုတ်သတင်းစာများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိ လေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။*

*ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအားလေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို အခန်းဆက်ဖော်ပြသွားမည်ဖြစ်ပါသည်။*

*ပြန်ကြားရေးဝန်ကြီးဌာန*

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ် )နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၁ | **ပုဒ်မ ၆၂**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ။ | (ပယ်ဖျက်) |
| | **ပုဒ်မ ၆၃**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | (ပယ်ဖျက်) |
| | **ပုဒ်မ ၆၄**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း မပြုရ။ | (ပယ်ဖျက်) |
| ၂ | **ပုဒ်မ ၁၁၅(င)**<br>(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၁၁၅(င)**<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(င) ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။ |
| ၃ | **ပုဒ်မ ၁၄၇(င)**<br>(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၁၄၇(င)**<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ(င)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-<br>(င) အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ်သတ်မှတ်သည်။ |
| ၄ | **ပုဒ်မ ၂၃၂ (ခ)(၁)**<br>လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသောသင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | **ပုဒ်မ ၂၃၂ (ခ)(၁)**<br>ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲမှ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ |
| | **ပုဒ်မ ၂၃၂ (ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၂၃၂(ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍သဘောတူညီချက်ရယူမည်။ |
| | **ပုဒ်မ ၂၃၂ (ဈ)**<br>ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။ | (ပယ်ဖျက်) |
| | **ပုဒ်မ ၂၃၂ (ည)(၁)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။<br>**ပုဒ်မ ၂၃၂ (ည)(၂)**<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ | **ပုဒ်မ ၂၃၂ (ည)**<br>ပုဒ်မခွဲ(ည)၏ ပုဒ်မခွဲငယ်(၁)ကို ပယ်ဖျက်၍ ပုဒ်မခွဲငယ်(၂)ကို ပုဒ်မခွဲ(ည) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ |
| | **ပုဒ်မ ၂၃၂ (ဋ)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | (ပယ်ဖျက်) |
| ၅ | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ တပ်မတော်သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဈ)၊ (ည)နှင့် (ဋ) ပါ ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။ | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ည)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။ |
| ၆ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဥပဒေပြုနိုင်သော ကိစ္စရပ်များသို့သက်ရောက် ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များသို့လည်းသက်ရောက်ပျံ့နှံ့သည်။ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။ |
| ၇ | **ပုဒ်မ ၂၆၁ (ခ)**<br>နိုင်ငံတော်သမ္မတသည်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်- | **ပုဒ်မ ၂၆၁(ခ)**<br>သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်ရန်- |

စာမျက်နှာ ၉ သို့

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း |
|---|---|---|
| | (၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲ က သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်။<br>(၂) ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ပေးပို့လျက် သဘောတူညီချက်ရယူရမည်။ | (၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသောသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။<br>(၂) ဆန္ဒမဲဖြင့်ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။ |
| | ပုဒ်မ ၂၆၁ (ဂ)<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ၏ သဘောတူညီချက်ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ | ပုဒ်မ ၂၆၁ (ဂ)<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် က ဆန္ဒမဲဖြင့်ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ |
| | ပုဒ်မ ၂၆၁ (ဃ)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။ | ပုဒ်မ ၂၆၁ (ဃ)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသောပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက်ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် ရှိစေရမည်။ |
| | ပုဒ်မ ၂၆၁ (င)<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။ | ပုဒ်မ၂၆၁ (င)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။ |
| ၈ | ပုဒ်မ ၂၆၂ (က)(၁)<br>သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။<br>ပုဒ်မ ၂၆၂ (က)(၂)<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်။ | ပုဒ်မ ၂၆၂ (က) (၁)<br>သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကိုရွေးချယ်ရမည်။<br>ပုဒ်မ ၂၆၂ (က) (၂)<br>လုံခြုံရေးရာနှင့် နယ်စပ်ရေးရာတာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံရမည်။ |
| ၉ | ပုဒ်မ၂၆၂ (ခ)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက်သဘောတူညီချက်ရယူရမည်။ | ပုဒ်မ ၂၆၂ (ခ)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ |
| | ပုဒ်မ ၂၆၂ (ည)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သားများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | ပုဒ်မ ၂၆၂ (ည)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ |
| ၁၀ | ပုဒ်မ ၂၆၄(က)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီအကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။ | ပုဒ်မ ၂၆၄ (က)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာလွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။ |
| | ပုဒ်မ ၂၆၄ (ခ) (၁)<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။ | ပုဒ်မ ၂၆၄ (ခ) (၁)<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။ ခိုင်လုံသောအထောက်အထား အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့်မရှိစေရ။ |
| ၁၁ | ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း။ |
| ၁၂ | ပုဒ်မ ၂၉၉(ခ)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ဦးရေအနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။ | ပုဒ်မ ၂၉၉ (ခ)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှစ်ဦး အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။ |
| | ပုဒ်မ ၂၉၉ (ဂ)<br>(၁) နိုင်ငံတော်သမ္မတ သည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသဘောတူညီချက် ရယူရမည်။<br>(၂) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူကို ငြင်းပယ်ခွင့်မရှိစေရ။<br>(၃) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။<br>(၄) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရမည်။ | ပုဒ်မ ၂၉၉ (ဂ)<br>(၁) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးစီ ရွေးချယ်ထားသည့်အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။<br>(၂) ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ မရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယအကြီးအမှူးများ ပါဝင်သည့်အဖွဲ့က စိစစ်ရမည်။<br>(၃) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော ပြည်ထောင်စုတရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုတရားသူကြီးချုပ်လောင်းများဖြစ်သည့် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ရမည်။<br>(၄) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။<br>(၅) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသောပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် အထင်အရှားပေါ်ပေါက်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်ရန် အမည်စာရင်းတင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့် ရှိစေရမည်။<br>(၆) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ်ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။ |

စာမျက်နှာ ၁၀ သို့

*စာမျက်နှာ ၉ မှ*

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| | | (၇) **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။** |
| | **ပုဒ်မ ၂၉၉ (ဃ)**<br>(၁) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်သင့်သောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသဘောတူညီချက် ရယူရမည်။<br>(၂) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသောပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူများကို ငြင်းပယ်ခွင့်မရှိစေရ။<br>(၃) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစားအမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။<br>(၄) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိသည့်ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။ | (ပယ်ဖျက်) |
| ၁၃ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေး**နှင့်** ကင်းရှင်းရမည်။ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ် **သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်။ |
| | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည်နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့် အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့် အညီ အငြိမ်းစားယူပြီး ဖြစ်သည်ဟုမှတ်ယူရမည်။ |
| ၁၄ | ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများ။ | ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများ။ |
| ၁၅ | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်- | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်- |
| | **ပုဒ်မ ၃၀၁ (ဃ)(၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် **နိုင်ငံတော်သမ္မတက** ယူဆသူ။ | **ပုဒ်မ ၃၀၁ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် **နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက** ယူဆသူ။ |
| ၁၆ | ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း။ | ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း။ |
| ၁၇ | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်- | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်- |
| | **ပုဒ်မ ၃၀၂ (က)(၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း။ | **ပုဒ်မ ၃၀၂ (က)(၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း။ |
| ၁၈ | **ပုဒ်မ ၃၀၂ (ခ)(၈)**<br>ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။ | **ပုဒ်မ ၃၀၂ (ခ)(၈)**<br>ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။ |
| | **ပုဒ်မ ၃၀၂ (ခ)(၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ခ)(၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ်** ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ |
| | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအား ရာထူးမှရပ်စဲရမည်။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေတိဂုံစေတီတော်ကြီး အစွန့်ရှည်တည်တံ့ရေး ဂေါပကအဖွဲ့ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

**"ရွှေတိဂုံစေတီတော်မြတ်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂေါပကအဖွဲ့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုအရ အမြတ်ထုတ်ဆောင်ရွက်မှုအပေါင်းကို ရှောင်ရှားပြီး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားပါမယ်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထိခိုက်စေမယ့် လုပ်ငန်းရပ်မှန်သမျှကို လုံးဝဆောင်ရွက်မှာ မဟုတ်ကြောင်း ပြောကြားလိုပါတယ်" ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(စီမံ) ဦးစိန်ဝင်းအောင်က ပြောကြားလိုက်သည်။**

ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် တန်ဆောင်း၌ ကျင်းပသည့် ကမ္ဘာ့အံ့ချီးဖွယ်ရာများတွင် တစ်ခု အပါအဝင်ဖြစ်သော၊ ကမ္ဘာပေါ်ရှိ ကိုးကွယ်ဝတ်ပြုရာ စေတီပုထိုးဘုရားကျောင်းကန်များတွင် အထူးခြားဆုံးသော ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရွှေတိဂုံကုန်းတော်ကြီး တည်တံ့ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ ဂေါပကအဖွဲ့၏ ဆန္ဒသဘောထားရှင်းလင်းတင်ပြသည့် စာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက် ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို မင်းနှင့် ပြည်သူ၊ အစိုးရနှင့် အလှူရှင်များ ပူးပေါင်းစောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည်ကို သမိုင်းအရ လေ့လာတွေ့ရှိခဲ့ရပြီး မျက်မှောက်တွင်လည်း ဂေါပကအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၏အမိန့်နှင့် ညွှန်ကြားချက်အရ ဆောင်ရွက်ရသည့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"အံ့ချီးမကုန် ရွှေတိဂုံ" စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ရာတွင် လူ့ပယောဂကြောင့် မပျက်စီးစေရေးအတွက် CCTV ကင်မရာ ၉၈ လုံးအပါအဝင် လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဝယ်ယူသုံးစွဲမှုအတွက် ငွေကျပ် ၅၈၁၄ သိန်းကျော်ကို သုံးစွဲခဲ့ကြောင်း သိရသည်။

လက်ရှိ၌ ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရကုန်းတော် ကြံ့ခိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်ရန် အထူးလိုအပ်သောကြောင့် အထက်ပစ္စယံပတ်လည်နှင့် ဆီမီးခုံပတ်လည်တို့အပါအဝင် ကုန်းတော်ပတ်လည်တွင် ရေမြောင်းကြီးငယ်များစွာ တည်ဆောက်ထားခြင်း၊ ကုန်းတော်ကို ကြွက်များမဖောက်နိုင်ရေးအတွက် ရင်ပြင်တော်၌ အစားအသောက် လှူဒါန်းမှုများကို စနစ်တကျစိစစ်ဆောင်ရွက်ပေးခြင်း၊ သောက်ရေ၊ ဖျော်ရည်အပါအဝင် လှူဒါန်းမှုများကိုလည်း ဘုရားဖူးပြည်သူများ အနှောင့်အယှက်မဖြစ်ပေါ်ရေးနှင့် ကျန်းမာရေးကို ထိခိုက်စေမည့် ဘေးအန္တရာယ်များ ကင်းဝေးစေရေးကို ရည်ရွယ်၍ စိစစ်ခွင့်ပြုပေးခြင်း၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဆောင်ရွက်ထားခြင်းနှင့် စေတီတော်ပရိဝုဏ်နှင့် ရင်ပြင်တော်တွင် အဆောက်အအုံအသစ်များဆောက်လုပ်ခွင့်မပြုခြင်း၊ ရေဝပ်ဧရိယာများ မရှိစေရေးနှင့် ရွှေတိဂုံစေတီတော်ဧရိယာအတွင်း မြေအောက်ရေရရှိရေးအတွက် ဆောင်ရွက်မှုများကို လုံးဝခွင့်မပြုခြင်း" စသည်ဖြင့် ဆောင်ရွက်ထားမှုကို ဦးစိန်ဝင်းအောင်က ပြောသည်။

ရွှေတိဂုံစေတီတော်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဥက္ကလာပမင်းကြီး တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့က ဉာဏ်တော် ၄၄ တောင်ရှိ စေတီတော်ကို စတင်တည်ထားကိုးကွယ်ခဲ့ပြီး ခရစ်နှစ် ၁၄၃၆ ခုနှစ်တွင် ဘုရင်မကြီး ရှင်စောပုနှင့် မောင်တော် ဗညားကင်းဒေါ (ဗညားကျန်း)တို့က ဉာဏ်တော် ၃၀၂ ပေနှင့် ခရစ်နှစ် ၁၇၆၈ ခုနှစ်တွင် အင်းဝဘုရင် ဆင်ဖြူရှင်မင်းက ဉာဏ်တော် ၃၂၆ ပေအထိ တိုးမြှင့်တည်ထားကိုးကွယ်ခဲ့သည်။

ထိုမှတစ်ဖန် ရွှေတိဂုံစေတီတော်ကြီးကို မြန်မာမင်းနှင့် ပြည်သူပြည်သားများက ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။

၁၉၇၃-၇၄ ခုနှစ်တွင် ရွှေတိဂုံစေတီတော် တတိယပစ္စယာစနေထောင့်ရှိ ကိုယ်လုံးတော်၌ ကျင်းပေါက်ကြီးတစ်ခုဖြစ်ပေါ်ခဲ့သည်ကို အကြောင်းပြု၍ ထိုကျင်းပေါက်အပါအဝင် ကိုယ်လုံးတော်ပတ်လည် ရှစ်မြောင့်ခိုနန်းချိုးများတွင် လွန်ပေါက်များဖောက်၍ ဘိလပ်မြေအိတ် ၄၀၀၀ ကျော် မှုတ်သွင်းပြီးကြံ့ခိုင်မှုဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် မြေငလျင်လှုပ်သောကြောင့်ပန်းလည်တိုင်သည် ရာဟုထောင့်သို့ စောင်းသွားခဲ့ရာ အင်ဂျင်နီယာ ပညာရှင်များက ပြန်လည်တည့်မတ်ပေးခဲ့သည်။

၁၉၈၅ ခုနှစ် ရွှေသက်န်းတော်ကပ်လှူရေးလုပ်ငန်းတွင် သပိတ်မှောက်ပန်းဆွဲများမှ ခေါင်းလောင်းများအထိ အင်္ဂတေများ ခွာချော၍ ကြေးပေါင်ကြေးပြားများ ကပ်လှူခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ရွှေသက်န်းတော်ကပ်လှူခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရွှေမျက်ပါးကပ်သော တောင်ဘက်မျက်နှာစာနှင့် အနောက်ဘက်မျက်နှာစာတို့တွင် Hair Line Crack ဆံချည်မျှင်အက်ကြောင်းများ ထောင်လိုက် ၁၈ ပေနှင့် ပေ ၂၀ ခန့် ဖြစ်ပေါ်လာသောကြောင့် ပညာရှင်အဖွဲ့နှင့် အသေးစိတ်စစ်ဆေးခဲ့ရာ ကိုယ်လုံးတော်အား ထိခိုက်ခြင်းမရှိဘဲ သရိုးများသာ ကွဲအက်ခြင်းဖြစ်ကြောင်း စစ်ဆေးချက်မှတ်တမ်းများအရ သိရသည်။

၁၉၉၉ ခုနှစ်တွင် ရွှေတိဂုံစေတီတော် ရွှေထီးတော်အသစ်တင်လှူရာ၌ ထီးတော်အမာခံပြုသော ငှက်ပျောဖူးတော်ကြီးတစ်ခုလုံးအား သံချောင်းလုံးများဖြင့်ယက်၍ RC ကွန်ကရစ်လောင်းပြီး ကြံ့ခိုင်ရေးဆောင်ရွက်ခဲ့သည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆူနာမီဖြစ်ပေါ်ခဲ့သည်ကို အကြောင်းခံ၍ ရွှေထီးတော်ကြီး ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ပုံမှန်ဆောင်ရွက်နေကျဖြစ်သော ရွှေပြားသက်န်းတော်ကပ်လှူရေး၊ ရွှေမျက်ပါးသက်န်းကပ်လှူရေးစသောလုပ်ငန်းများ ဆောင်ရွက်သည်။ ကိုယ်လုံးတော်ကြံ့ခိုင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူလစီမံချက်တွင်မပါဝင်သော်လည်း ကိုယ်လုံးတော်အနှံ့အပြား၌ ပေါက်ရောက်သော ညောင်ပင်များအား ရှင်းလင်းရာ၌ ကြာမှောက်ကြာလှန်နှင့် ဖောင်းရစ်များတွင် အင်္ဂတေသားများ ဆွေးမြည့်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် နောင်လာမည့် ငါးနှစ်သက်တမ်းတွင် ငြိမ်းထိုးသည့်အခါ ကိုယ်လုံးတော်ကြံ့ခိုင်ရေးစစ်ဆေးရန် အကြံပြုခဲ့သည်။

၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သောကြောင့် သတ်မှတ်ကာလ ၂၀၀၉-၂၀၁၀ ထက်စော၍ ၂၀၀၈-၂၀၀၉ ရွှေသက်န်းတော်ကပ်လှူရေးနှင့် ထီးတော်ကြံ့ခိုင်မှု စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကိုယ်လုံးတော်တစ်ခုလုံးရှိ အသေးသွယ်ဆုံးနှင့် အားအနည်းဆုံးဖြစ်သော ကြာမှောက် ကြာလှန် ဧရိယာတွင် ၂ လက်မ × $\frac{၃}{၈}$" Stainless Steel ချောင်းကြီးများဖြင့် ထောင်လိုက် (Vertical) ၁၉ နေရာ၊ ရေပြင်ညီအလိုက် (Horizontal ) ၁၀ နေရာမြှုပ်နှံပြီး စတီးခြင်းကျားကြီးသဖွယ်ဖြစ်အောင်ပြုလုပ်အားဖြည့်ခဲ့သည်။ Stainless Steel ချောင်းကြီးများ မြှုပ်နှံရာ၌ Carbonfiber Fabric Wrapping စနစ်ဖြင့်ပါ အားဖြည့်ခဲ့သည်။

ကြာမှောက် ကြာလှန် ဧရိယာအတွင်း၌ တစ်လက်မအချင်း အနက် ၃၂ လက်မအရှည် လွန်ပေါက်ပေါင်း ၈၆ ပေါက်တူး၍ Grouting ပြုလုပ်ထားသည်။ ငှက်ပျောဖူးအခြေမှ တတိယဖောင်းရစ်အထိ အမြင့် ၅၃ ဧရိယာအား RCC ကွန်ကရစ်ပြုလုပ်၍ အားဖြည့်ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် လှူဒါန်းမှုအစုစုမှာ ဘီလီယံမြောက်များစွာရှိပြီး ဘဏ္ဍာငွေများကို စနစ်တကျသုံးစွဲနေကြောင်း၊ ဂေါပကအဖွဲ့က ငွေကိုကိုင်ဆောင်ထားခြင်းမရှိဘဲ လှူဒါန်းငွေများကို အစောင့်အရှောက်ဖြင့် ဘဏ်သို့ ပို့ဆောင်၍အပ်နှံထားကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့်သာ စနစ်တကျသုံးစွဲလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဂေါပကအဖွဲ့၏ အပတ်စဉ်အစည်းအဝေးမှတစ်ဆင့် လုပ်သင့်လုပ်ထိုက်၊ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း"ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဒေါက်တာတင်သိန်းလွင်က ပြောသည်။

ရှင်းလင်းပွဲအပြီးတွင် ဆင်ဟွာသတင်းဌာနက "ရွှေတိဂုံစေတီတော်အနီးဝန်းကျင်ရှိ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်နေမှု"နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်ကို ဂေါပကအဖွဲ့ဝင်(စီမံ) ဦးစိန်ဝင်းအောင်က "ရွှေတိဂုံစေတီတော်၏ ဧရိယာမှာ ၁၁၄ ဧကဖြစ်ပြီး ကျန်အနီးဝန်းကျင်ဧရိယာများမှာ မိမိတို့နှင့်မပတ်သက်ကြောင်း" ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မိမိတို့သတင်းအဖွဲ့က ယခု ရှင်းလင်းပွဲစီစဉ်ကျင်းပမှုနှင့်စပ်လျဉ်းပြီး မေးမြန်းရာတွင် "အပြင်မှာ Save the Swedagon ရွှေတိဂုံစေတီတော်ကြီးက ပျက်စီးတော့မယ်ဆိုပြီး ဗုဒ္ဓဘာသာဝင်တွေ ထိတ်လန့်တကြားဖြစ်နေတယ်လို့ကြားတာကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး အမှန်ကိုသိဖို့ ရှင်းလင်းဖို့လုပ်ဆောင်တာဖြစ်တယ်။ စိုးရိမ်ပူပန်စရာမရှိပါဘူး။ ပြည်သူတွေနဲ့ ဗုဒ္ဓဘာသာဝင်တွေ သိစေဖို့အတွက် ရှင်းလင်းခြင်းဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ကြီးက ပြတ်ရွှေ့ကြော၊ ငလျင်ကြောပေါ်မှာ ရှိတယ်လို့ ပြောတယ်။ စေတီတော်ကို လွန်ခဲ့သော ၂၆၀၃ ခုနှစ်က ဥက္ကလာပမင်းကြီး တည်ထားခဲ့ခြင်းဖြစ်ပါတယ်။ အရင်ခေတ်အခါတုန်းက သိပ္ပံပညာထွန်းကားမှုလည်း မရှိသေးတာကြောင့် မြေအကျယ်အဝန်း၊ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်မှုကောင်းတဲ့နေရာကို ရွေးချယ်ပြီး တည်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုတည်ထားခြင်းဟာ ယနေ့အချိန်အခါမှာ ငြင်းဆန်လို့မရသလို လက်ရှိအခြေအနေကိုလည်း လက်ခံရမယ်။ ဘုရင်မကြီး ရှင်စောပုနဲ့ သူ့ဆွေတော်မျိုးတော်အဆင့်ဆင့် ပြောင်းလဲပြီးတော့ ဘုရားကြီးကို တည်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမဥက္ကလာပမင်းကြီးက ၄၄ တောင်၊ ပေဖွဲ့ရင် ၆၆ ပေ၊ နောက်ဆုံးပြောင်းလဲပြီး တည်ခဲ့ခြင်းက ၃၂၆ ပေ ဒီလိုအမြင့်ဖြစ်လာခြင်းဟာ ဘယ်ဖောင်ဒေးရှင်းပေါ်မှာ တည်တယ်၊ ဘာသိပ္ပံနည်းပညာနဲ့ ညီညွတ်တယ်ဆိုတာ အဲဒီအချိန်က ရှင်စောပုနဲ့ ဆွေတော် မျိုးတော်တွေ ဒါကိုစဉ်းစားနိုင်ခွင့် မရှိဘူး။ သိပ္ပံထွန်းကားနိုင်မှုလည်း မရှိဘူး။ သူ့ခေတ် သူ့အခါက မြန်မာမှုလက်ရာတွေနဲ့ ပြုလုပ်တည်ထားတဲ့ စေတီသာဖြစ်တယ်။ ဒါကိုဂေါပကအဖွဲ့ကလည်း ငြင်းဆန်လို့မရဘူး။ လက်ခံရမယ်။ လက်ခံပြီးတော့ ပျက်စီးယိုယွင်း မှုမရှိအောင် ကျွန်တော်တို့က လက်ဆင့်ကမ်းထိန်းသိမ်းရပါမယ်"ဟု ရှင်းလင်းပြောကြားသည်။

ယနေ့ ကျင်းပသည့် ရွှေတိဂုံစေတီတော်နှင့် ရွှေတိဂုံကုန်းတော် တည်တံ့ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ ဂေါပကအဖွဲ့၏ ဆန္ဒသဘောထားရှင်းလင်းပွဲကို ရွှေတိဂုံစေတီတော်အနီးဝန်းကျင်၌ အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်သူအချို့၏ စိုးရိမ်ပူပန်မှုများ ထွက်ပေါ်နေချိန်တွင် ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကလည်း "ရွှေတိဂုံစေတီတော်ကြီး ကြုံတွေ့နေရသော ဘေးအန္တရာယ်များအကြောင်း" ရှင်းလင်းပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိနိကျောင်းတော်ကြီး၌ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ အဆိုပါအဖွဲ့က Dagon City စီမံကိန်းကို ရွှေတိဂုံစေတီတော်အနီးတွင် ဆက်လက်မလုပ်ဆောင်ရန် (သို့မဟုတ်) နေရာပြောင်းရွှေ့ဆောင်ရွက်ရန် အထူးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်းလည်း သိရသည်။



ဂေါပကအဖွဲ့၏ ဆန္ဒသဘောထား ရှင်းလင်းတင်ပြသည့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။



ယခု ရွှေတိဂုံကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်နှင့် တန်ဆောင်းများကို ဤသို့ သပ္ပာယ်စွာ ဖူးမြော်တွေ့ရစဉ်။

❖ **ရှေ့ဖုံးမှ**

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ညှိနှိုင်းခွင့်ပြုမည့် တည်းခိုဆောင်များကို ညှိနှိုင်းသတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ရမည် ဖြစ်ကြောင်း ဖိတ်ခေါ်ကြေညာထားရှိသည်။ သတ်မှတ်ရက်အတွင်း သတ်ဖိတ်ခေါ်ရွေးချယ်တာဝန်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ
လျှောက်ထားသူများမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အစည်းအဝေး သိရသည်။
ခေါ်ယူတွေ့ဆုံကာဒေသအတွင်း တင်ဒါအစီအစဉ်ရက်သတ်မှတ်၍အပြီး

**နေမျိုးထွဋ်(ရေး)**

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ

28th SEA GAMES
SINGAPORE 2015
5 – 16 JUNE 2015

## ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၁၂-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၇၁ | ၆၈ | ၅၄ | ၁၉၃ |
| ၂ | စင်ကာပူ | ၇၀ | ၆၂ | ၈၃ | ၂၁၅ |
| ၃ | ဗီယက်နမ် | ၆၂ | ၄၁ | ၅၀ | ၁၅၃ |
| ၄ | မလေးရှား | ၃၈ | ၄၀ | ၅၀ | ၁၂၈ |
| ၅ | အင်ဒိုနီးရှား | ၃၃ | ၄၁ | ၅၄ | ၁၂၈ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၂၉ | ၅၃ | ၁၀၆ |
| ၇ | မြန်မာ | ၁၁ | ၂၂ | ၂၅ | ၅၈ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၇ | ၁၂ |
| ၉ | လာအို | ၀ | ၃ | ၁၄ | ၁၇ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

ဇွန် ၁၂ ရက် ည ၁၀ နာရီတွင်ရရှိသည့် ဆုရစာရင်းဖြစ်သည်။

## မြန်မာနှင့်ဗီယက်နမ်ဘောလုံးပွဲ LED Board ဖြင့် တိုက်ရိုက်ပြမည်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် Entertainment Techical Group နှင့် ပူးပေါင်း၍ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းယှဉ်ပြိုင် ကစားပုံများကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံမျက်နှာစာတွင်လည်းကောင်း၊ ပြည်သူ့ရင်ပြင်တွင် အော်ရီဒူးမြန်မာကလည်းကောင်း၊ ကန်တော်ကြီးကရဝိက်ဥယျာဉ်တွင်လည်းကောင်း LED Screen Board ဖြင့် ပြည်သူများ ဘောလုံးဝါသနာရှင်များ ကြည့်ရှုအားပေးနိုင်ရန် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**






ဆီးဂိမ်းပြိုင်ပွဲဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုသည့် မြေစိုက်ပိုစတာအား တာချီလိတ်မြို့ အောင်မြတ်ခန်းမရှေ့တွင် စိုက်ထူဂုဏ်ပြုထားသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

**မောင်ယဉ်ကျေး**

## မြန်မာအားကစားပရိသတ်များ စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၂**

ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာအားကစားအဖွဲ့များအား အားပေးနိုင်ရန်နှင့် ဇွန် ၁၃ ရက်တွင် အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်မည့် အသက်၂၃ နှစ်အောက် မြန်မာဘောလုံးအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်မှုကို စင်ကာပူနိုင်ငံရှိ မြန်မာအားပေးပရိသတ်နှင့်အတူ တစ်ခဲနက်အားပေးနိုင်ရန်အတွက် ၅၇ ဦးအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(မြန်မာ့အလင်း)**

## ပြေးခုန်ပစ်၊ လှံတံ၊ ရေကူးနှင့် သေနတ်ပစ် အားကစားသမားများ ပြန်ရောက်

**ရန်ကုန် ဇွန် ၁၂**

ဆီးဂိမ်းပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကစားခဲ့သည့် ပြေးခုန်ပစ်၊ လှံတံ၊ ရေကူးနှင့် သေနတ်ပစ် အားကစားအဖွဲ့တို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် စင်ကာပူလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မင်းခေတ်**


### အိမ်/ခြံရောင်းရန်ရှိသည်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဟော်နန်လမ်း(လော်စစ်ဟန်လမ်း) အထက်တန်းကျောင်းအနီးတွင် ဘိုးဘွားပိုင်အမည်ပေါက် အဝီစိတွင်းပါ။ အိမ်/ခြံရောင်းရန်ရှိသည်။

**ပွဲစားမလို၊ ညှိနှိုင်းဈေး**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၂၁၆၃၅၆၊ ၀၉-၉၇၆၂၇၇၃၃၁၊ ၀၉-၄၂၅၃၀၀၃၀၉၊ ၀၉-၉၇၃၀၁၁၂၉၉၊ ၀၉-၄၉၃၄၁၇၅၁**

**အမည်ပြောင်း** မွန်ပြည်နယ်၊မော်လမြိုင်မြို့၊မြေနီကုန်းရပ်ကွက်၊မြို့ရှောင်လမ်းနေ ဦးဇင်မင်းဦး ၁၀/မလမ(နိုင်)၁၄၅၇၅၀၏သား အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်း(က)မှ မောင်တက်လင်းအောင်အား မောင်ဟိန်းမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းမင်းသန့်**

**အမည်ပြောင်း** ဦးဖုန်းကျော်သူ ၅/စကန(နိုင်)၁၈၄၅၀၄၏သမီး စစ်ကိုင်းမြို့နယ် အထက(၂) ဆဋ္ဌမတန်း(A)မှ မဝတ်ရည်ဖုန်းသော်အား ယနေ့မှစ၍ မထက်အိန္ဒြေဝင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မထက်အိန္ဒြေဝင့်**

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက (၄) နဝမတန်း (C)မှ မောင်ပြည့်ဖြိုးကျော်နှင့် မုံရွာပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆဋ္ဌမတန်း (B)မှ မောင်အာကာကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးလေးနိုင် ၅/မရန(နိုင်)၁၂၄၀၉၁ဖြစ်ပါကြောင်း။ **ဦးလေးနိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ နံ့သာမြိုင်ကျေးရွာနေ မလွင်ထက်ထက်ကျော် ၉/မတရ(နိုင်)၁၄၉၅၇၇၏ ဖခင် ဦးကျော်ကျော်လွင် ၉/မရမ(နိုင်)၀၀၆၀၁၈နှင့် ဦးကျော်လွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ကျော်လွင်(ခ)ဦးကျော်လွင်**

### အမည်မှန်

အဖ ဦးကျော်ကျော်(၁၂/လတန(နိုင်)၀၀၈၅၂၉) ၏သားဖြစ်သူ ICEC Grade-9 (C) မောင်မင်းသိမ်းကျော် ၏အမည်မှန်မှာ မောင်မင်းသိမ်းကျော်(ခ)ချန်းချန်းဖြစ်ပါသည်။ **မောင်မင်းသိမ်းကျော်(ခ)ချန်းချန်း**

### အမည်ပြောင်း

ဦးသန်းစိုးနိုင်၏သား ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာဝင်းနေ မောင်ဒေးဗစ်၂/လကန(နိုင်)၀၆၉၀၈၈အား ယနေ့မှစ၍ မောင်ဒေးဗစ်မိုက်ကယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဒေးဗစ်မိုက်ကယ်**

### တိုက်ခန်းငှားမည်

ကျောက်မြောင်း
မြို့သစ်(၁)လမ်း၊ အပေါ်လမ်း၊
တည်နေရာကောင်း၊
ဒုတိယထပ်(15'×60')
အိပ်ခန်း(၂)ခန်း၊ A/C
(၁)လုံး၊ ဘိုထိုင်၊ သံပန်း၊
ဆန်းရှိတ်ပါပြီး (၁)လ(၃)သိန်းကျပ်

ကျောက်မြောင်း
ဣန္ဒာသယလမ်း(အလယ်)
တည်နေရာကောင်း၊
ဒုတိယထပ်(15'×50')
အိပ်ခန်း(၂)ခန်း၊ သံပန်း၊
ဆန်းရှိတ်ပါပြီး (၁)လ(၂)သိန်းကျပ်

09-450066151

# Y.E.S. Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်ဓေအာင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

## International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00 am 1,22 Jun
Mon to Thurs-7:30-9:30 am 8 Jun
Sat & Sun - 12:30-3:30 pm 13 Jun
MontoThurs-1:00-3:00-5:00pm 15,22,29 Jun
Sat & Sun - 9:00-12:00 am 20 Jun
Mon to Thurs-5:30-7:00 pm 29 Jun

**Pre-Intermediate English**
Mon toThurs 7:30-9:30 am 1 Jun
Mon to Thurs-10:30-12:30 am 1 Jun
Mon to Thurs-10:00-12:00 am 22 Jun
Mon to Thurs-1:00-3:00 pm 22 Jun
Mon to Thurs-5:00-7:00 pm 29 Jun

**Structure & Written Expression**
Mon to Thurs-7:30-9:30am 15 Jun
Sat & Sun - 90:00-12:00 am 20 Jun
Mon to Thurs-1:00-3:00pm 22 Jun

**Intermediate English**
Mon to Thurs-1:00-3:00 pm 8 Jun

**Basic Writing Course**
Mon to Thurs-3:00-4:30pm 22 Jun

**Grammar Foundation Course**
Mon to Thurs - 3:30-5:00 pm 8 Jun
Mon to Thurs - 1:00-2:30 pm 29 Jun

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 27 Jun

**Academic Preparation For IELTS(API)**
Mon to Thurs - 10:30 - 12:30am 29 Jun

**SAT** Mon to Thurs -3:30-5:00pm 29 Jun
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 29 Jun
**IELTS**(Test Practice) San&Sun 1:30to12:30am 27Jun
**IELTS**(Speaking) San&Sun 1:00to3:30pm 27 Jun

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

### စက်မှုဝန်ကြီးဌာန
### အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အတွက် လိုအပ်သော အောက်ဖော်ပြပါ ကုန်ကြမ်းသုံးမျိုးအား တူးဖော်ထုတ်လုပ်သယ်ပို့ခြင်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

(က) Silica Sand - ၅၀၀၀ တန်
(ခ) ထုံးကျောက် - ၄၇၀၀၀ တန်
(ဂ) Dolomite - ၅၈၀၀၀ တန်

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၁၅ ရက် ၁၃း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၅၀၆၀**

### မိဘအမည်မှန်

နေပြည်တော်၊ အထက(၈) တတိယတန်းမှ မောင်ညီမင်းထူး၏ မိဘအမည်မှန်မှာ ဦးအောင်ထူးနှင့် ဒေါ်လှလှရီ ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးစောထွန်းနိုင်၏သား နေပြည်တော်၊ ပျဉ်းမနား၊ အထက သစ်လေးလုံး အဋ္ဌမတန်းမှ မောင်အောင်ဖြိုးကျော်အား ယနေ့မှစ၍ မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်မြတ်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖွင့်လှစ်ထားသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာများသို့စစ်ဆေး

**ရန်ကုန်  ဇွန်  ၁၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက်နေရာဌာနများရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာ(Myanmar Migrant Workers' Reporting Counters)များသို့ရောက်ရှိ၍ တာဝန်ကျဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်ပနိုင်ငံအသီးသီးသို့ ထွက်ခွာသွားရောက်ခြင်း၊ ပြန်လည်ရောက်ရှိခြင်းဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်း ရယူဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက တာဝန်ကျဝန်ထမ်းများအား ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားရောက် အလုပ်လုပ်ကိုင်ကြမည့် ရွှေ့ပြောင်းလုပ်သားများအတွက် လူကုန်ကူးခံရခြင်းမျိုးမှ ကင်းဝေး၍ တရားဝင်ထွက်ခွာသွားရောက်နိုင်ရေးနှင့် ပြည်ပတွင် ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့်သတင်းအချက်အလက် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိ မရှိ အလေးဂရုပြု စိစစ်ဆောင်ရွက်ကြရန်၊ အထူးသဖြင့် အိမ်တွင်းအထောက်အကူ လုပ်သားအသစ်များ စေလွှတ်ခြင်းကို ခွင့်ပြုထားခြင်းမရှိသေး၍ အထူးသတိပြုစိစစ်ဆောင်ရွက်ရန်၊ သို့သော်လည်း နိုင်ငံခြားတွင် တရားဝင် အလုပ်လုပ်ခွင့်ရထားပြီး အလည်အပတ်ခွင့်ဖြင့် ပြန်လာသူများအတွက် ပြည်ပသို့ ပြန်လည်ထွက်ခွာမှုတွင် ညွှန်ကြားထားသည့်အထောက်အထား စာရွက်စာတမ်းများပြည့်စုံက ခွင့်ပြုပေးရန်၊ အဆိုပါ လိုအပ်



သည့် အထောက်အထားများကို အများသိစေရေး ဖော်ပြထားပေးရန် မှာကြား၍ ဝန်ထမ်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြို၍လူငါးဦးသေဆုံး

**ကျွန်းလှ  ဇွန်  ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လွှတ်တိုက်ကျေးရွာအုပ်စု စေတီကုန်းရွာဟောင်း ဘုရားစေတီနှင့် နှစ်မိုင်ခန့်အကွာရှိ ဦးဖိုးသိန်း၏ ရွှေကျင်းအဟောင်းတွင် ဇွန် ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က လက်ယက်ရွှေကျင်လုပ်ငန်း လုပ်ကိုင်နေစဉ် မိုးပြင်းထန်စွာ ရွာသွန်းသောကြောင့် မြေပြို၍ မြေပိပြီး လူငါးဦး သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ မြေပြိုမြေပိသူများအား ကျွန်းလှမြို့မရဲစခန်းမှ ဒုရဲအုပ် သိန်းထူးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ စေတီကုန်းရွာသားများ ပူးပေါင်းပြီး ဖော်ယူရာ ဇွန် ၁၀ ရက် ညနေ ၆ နာရီခွဲက ရွှေတင်နှင့် ဦးတင်တို့ကို လည်းကောင်း၊ ဇွန် ၁၁ ရက် ညနေ ၆ နာရီခွဲက အောင်စိုးဦးနှင့် ဖိုးပြုံး(ခ) ခင်မောင်စိုးတို့ကို လည်းကောင်း၊ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က သူမင်းကိုလည်းကောင်း တူးဖော်ရရှိပြီး ကျွန်းလှမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ထိုင်းနိုင်ငံမှ သမားတော်ကြီးများအဖွဲ့ ဆေးဝါးများ အခမဲ့လာရောက်ကုသပေးမည်

**ရန်ကုန်  ဇွန်  ၁၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမပေါ်ရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော်က ဆေးဝါးကုသိုလ်အဖြစ် ထိုင်းနိုင်ငံ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကုသမားတော်ကြီးနှင့် အရိုး၊ အကြောအထူးကုဆရာဝန်ကြီး၊ အထွေထွေအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့သည် ငါးကြိမ်မြောက် လာရောက်၍ ခေတ်မီဆေးဝါးကုသမှုစက်များ၊ ECG+ Echo စက်များဖြင့် ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နံနက် ၁၀ မှ ညနေ ၅ နာရီအထိ ဆေးဝါးများ အခမဲ့ ပရဟိတလာရောက်ကုသပေးမည်ဖြစ်သည်။

လာရောက်ကုသလိုသူများသည် မိမိတို့ကုသနေသော ဆေးကုသမှုမှတ်တမ်းများရှိပါက ယူဆောင်လာကြရန်နှင့် လာရောက်ကုသသော လူပုဂ္ဂိုလ်အားလုံးကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တနိမလက အာဟာရဒါနအဖြစ် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိတ္ထီလာ(မြောက်)ကန် ပြုပြင်တူးဖော်စဉ် ပုံးတစ်လုံးထပ်မံတွေ့ရှိ

**မိတ္ထီလာ  ဇွန်  ၁၂**

မိတ္ထီလာမြို့ မိတ္ထီလာ(မြောက်)ကန်ပြုပြင်တူးဖော်စဉ် တတိယမြောက် ပုံးတစ်လုံးကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဝန်ဇင်းရပ်ကွက် ကျောက်တံခါး (နတ်စင်မြောင်း) ရေလွှတ်တံခါးအနီးတွင် ထပ်မံတွေ့ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ဒုတိယကမ္ဘာစစ်ဖြစ်စဉ်တုန်းက ပုံးကြဲလေယာဉ်ပေါ်က ချခဲ့ပြီး မပေါက်ကွဲဘဲ ကျန်ခဲ့တဲ့ ပုံးသီးထင်ပါတယ်။ ပထမတွေ့တဲ့ ပုံးသီးကြီးနှစ်လုံးလိုမဟုတ်ဘဲ ဒီပုံးသီးကြီးက ပေါက်ကွဲနိုင်တဲ့ အန္တရာယ်ရှိတာမို့ လူသူကင်းဝေးတဲ့ ကန်အလယ်လောက်မှာ ဖောက်ခွဲဖို့ တာဝန်ရှိသူတွေ စီစဉ်နေကြတယ်။ ပုံးသီးကြီးရဲ့ ပေါက်ကွဲအားက အကာအကွယ်မရှိတဲ့ နေရာဆို ကိုက် ၃၀၀ လောက်အထိ သက်ရောက်နိုင်တယ်"ဟု နယ်မြေခံ စစ်မြေပြင် အင်ဂျင်နီယာတပ်မှ တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။

ယင်းတတိယမြောက် ပုံးသီးကြီးမှာ ပထမတွေ့ရှိသည့် ပုံးသီးကြီးနှစ်လုံးထက် အနည်းငယ်အရွယ်အစားသေးငယ်ပြီး အလျား သုံးပေ ငါးလက်မ၊ လုံးပတ် နှစ်ပေ (ဒလက် တစ်ပေ လေးလက်မ အပါအဝင်)ရှိပြီး ပုံးသီးတွေ့ရှိရာသို့ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နယ်မြေခံစစ်မြေပြင် အင်ဂျင်နီယာတပ်မှ တတ်ကျွမ်းသူများ ရောက်ရှိပြီး ပုံးသီးကို အန္တရာယ်ကင်းစွာ ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက် သတင်းပေးပို့ချိန်အထိ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာ(မြောက်) ကန်ပြုပြင်တူးဖော်စဉ် ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲက ဝန်ဇင်းကန်ပေါင်ရိုးအနီးမှ အလျား လေးပေ ခြောက်လက်မ၊ လုံးပတ် နှစ်ပေ ခုနစ်လက်မရှိ ပုံးသီးနှစ်လုံးကို တွေ့ရှိခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**







### ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ဈ/၁၆၇၉၊ Tha Ra Phi MPV (TRP MPV 01), M/B (4x2)R MPV ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ကျော် ၁၂/ကမတ (နိုင်) ၀၅၂၃၀၅ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

### သွေးသည်အသက်

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးချစ်စိန် ၁၂/မဂတ(နိုင်)၀၃၁၁၂၄ ၏သမီး မခင်သီတာ ၁၂/မဂတ(နိုင်) ၀၃၁၆၇၆ သည် ဖခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ၄င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ ၄င်းနှင့်ပတ်သက်သော အရှုပ်အရှင်းများကို လုံးဝတာဝန်မယူပါ။

**ဦးချစ်စိန်**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်မှာ ကွယ်လွန်၍ ဇနီးထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးစိုးဝင်း(ကွယ်လွန်) ISN- ၂၀၀၈၂၈<br>ဒေါ်အမာကြည်(ဇနီး) ၁၂/ဒဂန(နိုင်)၀၀၃၂၆၉(မှ) | ဒေါ်မီမီကျော်ဝင်း ၉/မထလ(နိုင်)၁၈၅၂၃၅ | တိုက်အမှတ် (၂၄)၊ အခန်း(၂)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**




### အဲယားကွန်း၊ ရေခဲသေတ္တာ ကျွမ်းကျင်သင်တန်း

ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်နည်းများကို စာတွေ့လက်တွေ့ထိရောက်စွာ သင်ကြားပေးမည်။

15.6.2015 Mon, Wed (10:00 ~ 12:00)AM
10-weeks

# ဝင်ငွေခွန်ကြေညာလွှာပေးပို့ရန် ပျက်ကွက်ပါက အခွန်၏ ၁၀ ရာခိုင်နှုန်း ဒဏ်ငွေပေးဆောင်ရမည်

**ရန်ကုန် ဇွန် ၁၂**

ပြည်တွင်းအခွန်ဦးစီးဌာနက ဝင်ငွေခွန်ကြေညာလွှာ နောက်ဆုံးပေးပို့ရမည့်ရက်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ပျက်ကွက်သူများအနေဖြင့် ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲမှ သိရသည်။

"ဝင်ငွေခွန်ပေးဆောင်ရမယ့်သူများ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေနဲ့ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွေ၊ ကုမ္ပဏီဆိုင်ရာ အခွန်ရုံးတွေ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွေမှာ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာနဲ့ဖြစ်စေ ဝင်ငွေခွန်ကြေညာလွှာကို ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထားပြီးပေးပို့ဖို့ သတ်မှတ်ထုတ်ပြန်ထားပါတယ်။ ပျက်ကွက်ခဲ့ပါက ပေးဆောင်ရမယ့် အခွန်အပြင် ယင်းအခွန်ရဲ့ ၁၀ ရာခိုင်နှုန်းထက်မပိုတဲ့ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမှာဖြစ်ပါတယ်"ဟု ပြည်တွင်း အခွန်များဦးစီးဌာန အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်သော်လည်း အလုပ်ရှင်အနေဖြင့် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို . . .

၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ ဘဏ္ဍာနှစ်အတွင်းရရှိထားသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်း ပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်စုဆောင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေအရ မှတ်ပုံတင်၍ဖွဲ့စည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များသည် ဝင်ငွေခွန်ကြေညာလွှာကို သက်ဆိုင်ရာရုံးများ၌ သွားရောက်ကြေညာရန် တိုက်တွန်းနှိုးဆော်ထားသည်။

အဆိုပါ ဘဏ္ဍာနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်သော်လည်း အလုပ်ရှင်အနေဖြင့် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ကြောင်း သိရသည်။

ဝင်ငွေခွန်ကြေညာလွှာ ကြေညာရန်နှင့်ပတ်သက်ပြီး မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ စုံစမ်းနိုင်ပြီး အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော ဒဏ်ကြေးငွေများ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **မောင်နွေသစ်**

# ရန်ကုန်မြို့၌ အထပ်မြင့်အဆောက်အအုံများ စိစစ်ခွင့်ပြုလျက်ရှိ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၁၃ ထပ်ထက်ပို၍မြင့်သော အထပ်မြင့်အဆောက်အအုံများကို စိစစ်ခွင့်ပြုလျက်ရှိရာ မူအားဖြင့်သဘောတူပြီး ထပ်မံခွင့်ပြုထားသော အထပ်မြင့်အဆောက်အအုံ ၁၀လုံးကျော်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။



မူအားဖြင့် ခွင့်ပြုထားသော အထပ်မြင့်အဆောက်အအုံများမှာ ကမာရွတ်မြို့နယ်တွင် ၂၆ ထပ်မြင့်သော Twin Tower တစ်လုံး၊ လှိုင်မြို့နယ်တွင် ၂၅ ထပ်မြင့်သော အဆောက်အအုံ၊ သယ်န်းကျွန်းမြို့နယ်တွင် Basement နှစ်ထပ်အပါအဝင် ၁၅ ထပ်အဆောက်အအုံ၊ မရမ်းကုန်းမြို့နယ်တွင် Basement တစ်ထပ်အပါအဝင် အထပ် ၂၀ မြင့်အဆောက်အအုံ၊ သယ်န်းကျွန်းမြို့နယ်တွင် Basement နှစ်ထပ်အပါအဝင် ၂၆ ထပ် အဆောက်အအုံလေးလုံး၊ တောင်ဥက္ကလာပမြို့နယ်တွင် Basement နှစ်ထပ်အပါအဝင် ၂၉ထပ်အမြင့် အဆောက်အအုံသုံးလုံး၊ အထပ် ၃၀ အမြင့်အဆောက်အအုံနှစ်လုံး၊ ၁၃ ထပ်မြင့် ဟိုတယ်တစ်လုံးတို့ဖြစ်သည်။ ထို့အပြင် လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များတွင်လည်း ၂၄ ထပ်၊ ၂၅ ထပ်နှင့် ၁၇ ထပ်အမြင့် အဆောက်အအုံ သုံးလုံးကိုလည်း မူအားဖြင့်ထပ်မံခွင့်ပြုထားသည်။

အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေထုတ်မြောင်းများ၊ ရေထုတ်စနစ်များ၊ ကားပါကင်နှင့် အခြားသတ်မှတ်ချက်များပါရှိရန် လိုအပ်သည်ဖြစ်ရာ စနစ်တကျစစ်ဆေးမှုများ ပြုလုပ်၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးနိုင်**
**ဓာတ်ပုံ-ကေဇင်**

# မဲခေါင်ဒေသ ခရီးသွားဖိုရမ်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

အာရှနှင့် ပစိဖိတ်ဒေသတွင်း အလျင်မြန်ဆုံး ဖွံ့ဖြိုးလာနေသည့် ခရီးသွားလည်ပတ်ရန် ဒေသတစ်ခုဖြစ်သော မဟာမဲခေါင်ဒေသခွဲ(GMS)တွင် ရေရှည်တည်တံ့သည့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၅ ခုနှစ် မဲခေါင်ခရီးသွားဖိုရမ်(2015 Mekong Tourism Forum)ကို ဗီယက်နမ်နိုင်ငံ ဒါနမ်းမြို့၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာမဲခေါင်ဒေသခွဲကို တစ်စုတစ်စည်းရှိသည့် တစ်ခုတည်းသော ခရီးသွားလည်ပတ်ရာနေရာတစ်ခုအဖြစ် ဖော်ဆောင်ရာတွင် လိုအပ်သည့်အလားအလာများကို အပြည့်အဝ ဖော်ထုတ်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်ရေးမှာ ယခုနှစ်ဖိုရမ်၏ အဓိကဦးစားပေးဖြစ်ကြောင်း သိရသည်။

"မဟာမဲခေါင်ဒေသခွဲမှာ ခရီးသွားကဏ္ဍက စည်ပင်ဖွံ့ဖြိုးနေပေမယ့် ဒေသခံလူ့အဖွဲ့အစည်းတွေရဲ့ အကျိုးစီးပွားကောင်းဖို့နဲ့ ပတ်ဝန်းကျင်ထိခိုက်မှုမရှိဖို့ရာ ဒီကဏ္ဍကို ပုံသွင်းဆောင်ရွက်ဖို့လိုအပ်ချက်ကလည်း ဒီလိုဖွံ့ဖြိုးမှုနဲ့အတူ တစ်ပါတည်းပါလာပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ် လာအိုနိုင်ငံဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းကျွမ်းကျင်ပညာရှင် Steven Schipani က ပြောကြားသည်။

မဟာမဲခေါင်ဒေသခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ(ယူနန်ပြည်နယ်နှင့် ရှီကွမ်ဇောင် အထူးအုပ်ချုပ်ခွင့်ရဒေသ)၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည်။ မဟာမဲခေါင်ဒေသခွဲသို့ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၅၂ သန်း လည်ပတ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ပြီး မြန်မာနိုင်ငံသို့ လည်ပတ်မှုနှုန်းမှာ အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။ မဟာမဲခေါင်ဒေသခွဲသို့ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုမှာ ၂၀၁၂ခုနှစ်မှစ၍ နှစ်စဉ် ၁၂ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ကမ္ဘာ့ခရီးသွားဈေးကွက်၏ သုံးရာခိုင်နှုန်းကို ရရှိလျက်ရှိကြောင်း သိရသည်။

ခရီးသွားဧည့်သည် များပြားလာမှုကြောင့် ခရီးသွားဒေသများ၏ အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ချေရှိသည်ဖြစ်ရာ ပတ်ဝန်းကျင်ကိုထိန်းသိမ်းရင်း လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်ရရှိစေသည့် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ အလေ့အထကောင်းများကို ပိုမိုနားလည် ကျင့်သုံးနိုင်ကြစေရန် ယခုဖိုရမ်က ရည်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွေ့ဆုံဆွေးနွေးမှုတွင် ဒေသအစားအစာ၊ စွန့်စားသွားလာရမှုနှင့် ရပ်ရွာအခြေခံခရီးသွားကဏ္ဍ၊ နိုင်ငံဖြတ်ကျော်ယဉ်ကျေးမှုဆိုင်ရာလမ်းကြောင်းများ၊ ရင်းမြစ်ပြည့်စုံသော နေထိုင်ရန်နေရာများ၊ ခရီးသွားများနှင့် ထိတွေ့ဆက်ဆံရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ရရှိစေရန် အွန်လိုင်းလူမှုကွန်ရက် အသုံးပြုခြင်းတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မဲခေါင်ခရီးသွားဖိုရမ်သို့ အာရှဖွံ့ဖြိုးရေးဘဏ်အပါအဝင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဆောင်ရွက်နေသော အဖွဲ့အစည်းများ ၊ မီဒီယာများ၊ ပညာရေးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရကိုယ်စားပြုခရီးသွားကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **မွန်းဦးနဒီ**

ဝိဇာတမင်္ဂလာပြုလုပ်ပူဇော်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ မဟာထေရ်ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် "ပဋ္ဌာန်မြားရတု ဝိဇာတ မင်္ဂလာ" ကို ၁၃၇၇ ခု၊ နယုန်လပြည့်ကျော်(၁၄)ရက်၊ (၁၅-၆-၂၀၁၅)မှ ၁၃၇၇ ခု၊ ပဌမဝါဆိုလဆန်း(၃)ရက်(၁၉-၆-၂၀၁၅)နေ့ထိ (၅)ရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ အဆိုပါကျောင်းတိုက်ကြီး၌ ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ရပ်ဝေးရပ်နီးအသီးသီးရှိ တပည့်သံဃာ၊ ဒကာ၊ ဒကာမအပေါင်းတို့အား အကြောင်းကြားအသိပေးဖိတ်ကြားအပ်ပါသည်။

ဝိဇာတမင်္ဂလာဖြစ်မြောက်ရေးအဖွဲ့
မိုးကောင်းပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့။

ဝိဇာတမင်္ဂလာနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ အသီးသီးဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁။ ဦးရေဝတ - ၀၉-၅၁၅၆၉၄၉
၂။ ဦးခန္တီဝါဒ - ၀၉-၂၅၀၂၃၁၃၃၁
၃။ ဦးစန္ဒာသိရီဘိဝံသ - ၀၉-၂၅၀၈၅၅၈၅၇
၄။ ဦးကေလာသ - ၀၉-၅၂၀၈၂၆၈

ပြည့်ကျော် စာသင်ဝိုင်း
ဆရာကြီး သချၤာ ဦးအောင်သောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာခင်လှိုင် (ငြိမ်း)၊
ဦးရည်ဆန်းမွန် M.A( English)၊ ဒေါက်တာသန်းထိုက်၊ ဒေါက်တာဆွေဆွေထိုက်၊
ဒေါ်ဖြူလေးဦး၊ သချၤာ ဦးမင်းနိုင်၊ ဆရာ ကျော်မိုးလတ်၊ ဆရာ စိုင်းစိန်မြင့်အောင်၊
ဦးကျော်မိုးဟိန်း တို့ ဦးစီးသည်။
ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက် .....
၉တန်း၊ ၁၀တန်း ၁၀ ယောက်စာသင်ဝိုင်း
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၃၅၇၀၅၃၊ ၀၉ ၂၅၉ ၂၈၆၇၂၇

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
0973071901
02-31505
09 421746522, 01-216072

မိဘအမည်မှန်
သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာ အထက အဋ္ဌမတန်းအောင်မြင်ပြီးသော မောင်အောင်ကိုလတ်၏ မိဘအမည်မှန်မှာ ဦးမြဝင်း-ဒေါ်မူမူမြင့် ဖြစ်ပါကြောင်း။
ဦးမြဝင်း ၁၀/ဘလန(နိုင်)၁၀၄၅၀၅
ဒေါ်မူမူမြင့် ၁၀/သဖရ(နိုင်)၀၃၅၈၇၉

ရာပြည့်® အမှတ်တံဆိပ် ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်
ကြက်လည်ဆံလက်ဖက်ခြောက် ရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို ခံစားရင်း ဆီးချိုရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း၊ သွေးတိုးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း၊ လန်းဆန်းခွန်အား ဖြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းရောဂါများ မဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။
" ကြက်လည်ဆံလက်ဖက်ခြောက်၊ အဖန်ရည်အမြဲသောက်ပါက .... ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ မှန်သမျှ အဝေးရောက်ပေလိမ့်, အကြိမ်ကြိမ်သောက်သလောက် ကောင်းတဲ့ရည် (ရေ) .. "
ပင်ရင်း- ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com
ခြံအမှတ် ၃၄ ဘီ+၂၊ ကျောက်ကုန်းလမ်း၊ ၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၀၃ ၅၇၀၅၃၊ ၀၉ ၂၅၉၂ ၈၆၇၂၇၊ ၀၉ ၂၅၉၂၈၆၇၂၈၊ ဖြန့်ချိရေး - ကိုဝင်းမြင့် + မဘေဘီ
Super One နှင့် ဝမုန်းပွင့်ကုန်တိုက်များအားလုံး

# မဲခေါင်ဒေသတွင်း အထူးစီးပွားရေးဇုန်အသစ်များဖော်ထုတ်မည့် အစီအစဉ် GMS အဖွဲ့ဝင်နိုင်ငံများ အတည်ပြု

**နေပြည်တော် ဇွန် ၁၂**

မဲခေါင်ဒေသတွင်း အထူးစီးပွားရေးဇုန်အသစ်များဖော်ထုတ်မည့် အစီအစဉ်ကို တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် GMS စီးပွားရေးစင်္ကြံများဖိုရမ် တက်ရောက်နေကြသည့် မဟာမဲခေါင်ဒေသခွဲ (GMS) နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများက ဇွန် ၁၁ ရက်တွင် သဘောတူလိုက်ပြီဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယင်းအစီအစဉ်တွင် ဒေသတွင်းစီးပွားရေးစင်္ကြံများ ဖော်ထုတ်မှု၊ နိုင်ငံဖြတ်ကျော်ကူးသန်းသွားလာ ကုန်သွယ်ခြင်းကို လွယ်ကူချောမွေ့စေမှုနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်း ပါဝင်မှုကို မြှင့်တင်မည့် လုပ်ငန်းစဉ်များ ပါဝင်သည်။

“GMS ခေါင်းဆောင်တွေအနေနဲ့ သက်ဆိုင်ရာနိုင်ငံအလိုက် စီးပွားရေးစင်္ကြံ တစ်လျှောက်မှာရှိတဲ့ ကုန်သွယ်ရေး၊ ခရီးသွားလာမှုဖွံ့ဖြိုးရေး၊ စက်မှုလက်မှုဖွံ့ဖြိုးရေးနဲ့ အခြားစီးပွားရေးလုပ်ငန်းဆောင်တာတွေကို မြှင့်တင်ဖို့ လေးလေးနက်နက်သဘောတူခဲ့ကြပါတယ်”ဟု ADB ဒုတိယဥက္ကဋ္ဌ စတီဖင် ဂရော့ဖ်က ပြောကြားသည်။

“အခုဖိုရမ်မှာ ဆွေးနွေးသဘောတူညီချက်တွေအရ ဆောင်ရွက်မယ့် လုပ်ငန်းတွေနဲ့ အီလက်ထရောနစ်စီးပွားရေးစနစ်ကို အထောက်အကူပြုမယ့် အထူးစီးပွားရေးဇုန်သစ်တွေ ဖော်ထုတ်ဖို့မှာ GMS နိုင်ငံတစ်နိုင်ငံချင်းမှာရှိတဲ့ စီးပွားရေးနဲ့ လူမှုအသိုက်အဝန်းတွေအပေါ် ကောင်းမွန်တဲ့အကျိုးသက်ရောက်မှုတွေရှိလာမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။

ဖိုရမ်၏ပူးတွဲထုတ်ပြန်ချက်တွင် GMS နိုင်ငံ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများက နိုင်ငံသားများ နိုင်ငံဖြတ်ကျော်ကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုလွယ်ကူစေရေး လုပ်ငန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန်နှင့် ဒေသတွင်းမြို့ပြ ဧရိယာများ အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ထို့ပြင် စားသုံးသူဈေးကွက်မျှဝေခြင်းဖြင့် နိုင်ငံဖြတ်ကျော် အီလက်ထရောနစ် စီးပွားရေးစနစ် ဖွံ့ဖြိုးစေမည့် GMS နိုင်ငံဖြတ်ကျော် အီလက်ထရောနစ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုကိုလည်း အတည်ပြုခဲ့ကြသည်။

စီးပွားရေးစင်္ကြံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန် GMS ကိုယ်စားလှယ်များက ဦးစားပေးဆွေးနွေးခဲ့ကြပြီး စင်္ကြံများတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရေးအတွက် အသိအမှတ်ပြုခဲ့သည်။

ယူနန်ပြည်နယ် စီးပွားရေးဝန်ကြီးဌာနနှင့် ADB တို့ပူးပေါင်း ကျင်းပသည့် (၇)ကြိမ်မြောက် GMS စီးပွားရေးစင်္ကြံများ ဖိုရမ်ကို ကူမင်းရှိ GMS စီးပွားရေးစင်္ကြံများ သီတင်းပတ်ကာလအတွင်း ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်ကို GMS နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ဒေသဆိုင်ရာ အစိုးရကိုယ်စားလှယ်များ၊ GMS စီးပွားရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ GMS ဒေသခွဲတွင် မဲခေါင်မြစ်ဝှမ်းနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံခြောက်နိုင်ငံ ဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

**မိုးသူ**

# အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

၂၀၁၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်း (ဒဂုံမြို့သစ်မြောက်ပိုင်း) ၌ လာမည့် ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ သိရသည်။

ပြိုင်ပွဲတွင် လေပစ္စတို ၁၀ မီတာအမျိုးသား၊ အမျိုးသမီးတန်းနှစ်တန်း၊ လေရိုင်ဖယ် ၁၀ မီတာ (အမျိုးသား၊ အမျိုးသမီး) နှစ်တန်းစုစုပေါင်းလေတန်းကို အလွတ်တန်း၊ လူသစ်တန်းခွဲခြားကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးလျှင် နှစ်မျိုးဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ စိတ်ပါဝင်စားသည့် သေနတ်ပစ်အားကစားသမားများအနေဖြင့် ပြိုင်ပွဲနှင့်ပတ်သက်၍သိလိုလျှင်ဖြစ်စေ၊ စာရင်းပေးလိုလျှင်ဖြစ်စေဇွန် ၁၈ ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဖုန်း- ၀၁-၈၀၁၁၀၇၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ **မင်းထက်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဖားပန်ကျေးရွာ သဘာဝစိမ့်စမ်းရေ သွယ်ယူရရှိရေး စတင်ဆောင်ရွက်



**အင်းတော် ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပင်ဝဲကျေးရွာအုပ်စု ဖားပန်ကျေးရွာတွင် သဘာဝစိမ့်စမ်းရေ သွယ်ယူရရှိရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဖားပန်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်အကွာ စိမ့်ရေပေါက်မှ ကျေးရွာသို့ ရေပိုက်များဖြင့် သွယ်ယူမည်ဖြစ်ကြောင်း ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖားပန်ကျေးရွာ သဘာဝစိမ့်စမ်းရေရရှိရေးအတွက် တင်ဒါအောင်ကုမ္ပဏီဖြစ်သည့် ရွှေကြယ်ငွေကြယ်ကုမ္ပဏီမှ ကျေးရွာရှိ အိမ်ခြေ ၃၇ အိမ်အတွက် သောက်သုံးရေရရှိစေရန် ဂါလန် ၅၀၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ပေးခြင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသဘာဝစိမ့်စမ်းရေ သွယ်ယူရရှိရေးအတွက် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုပြီးစီးခဲ့ပါက ဖားပန်ကျေးရွာသူ/သားများ သန့်ရှင်းသော သောက်သုံးရေကို ဆယ့်နှစ်ရာသီလုံး သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၇၁)


**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊**
**မြေတိုင်းဦးစီးဌာန၊**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြေတိုင်းဦးစီးဌာန၊ ရန်ကုန်မြို့ ရုံးဝင်းအတွင်းရှိ လျှောက်လမ်းစင်္ကြံများ၏ အမိုး၊ သစ်သားတိုင်နှင့် သစ်သားတန်းအစရှိသည်တို့ ပျက်စီးနေသဖြင့် ပြင်ဆင်လိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် မြေတိုင်းဦးစီးဌာန၊ ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်တွင် တင်ဒါပုံစံများရယူနိုင်ပါသည်။
၃။ တင်ဒါပုံစံများအား ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့) ၁၅:၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည် ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၆၂၈၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှု စိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများစိစစ်မှုကော်မတီ**
**မြေတိုင်းဦးစီးဌာန**



**ဂုဏ်ယူဝမ်းမြောက်ခြင်း**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာအပါအဝင် ထူးချွန်စွာ ဂုဏ်ထူးအောင်ပန်းဆွတ်ခူးရရှိသော တပည့်များအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | မရတနာဦး | ဆဗဟ ၄၇၄ | - All D |
| ၂။ | မရတနာထူး | ဆဗဟ ၁၇၉ | - All D |
| ၃။ | မသီရိ | ဆဗဟ ၃၂၂ | - All D |
| ၄။ | မအိဝတီအောင် | ဆဗဟ ၄၁၇ | - All D |
| ၅။ | မနွေးနွေးယုယဇော် | ဆလတ ၂၃ | - All D |
| ၆။ | မောင်အောင်ဖုန်းမင်း | ဆကရ ၇၁၉ | - All D |
| ၇။ | မောင်သော်လင်းထွန်း | ဆကရ ၆၈၄ | - 5 D |
| ၈။ | မပွင့်ဇာခြည်ဦး | ဆလမ ၅၆၉ | - 5 D |
| ၉။ | မသွယ်ထူးစံသန်းထိုက် | ဆဗထ ၃၇၆ | - 5 D |

**ဆရာဦးရည်ဆန်းမွန်(အင်္ဂလိပ်စာ)**
**M.A(English),Dip ELTM**
**ဖုန်း- 01-646874,09-5084486**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/ 4255 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/8077 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ အောက်ပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-
(က) အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)
(၁) ပေ (၁၁၄×၃၆) နှစ်ထပ် RC ပေ (၂၀×၁၅) ဆင်ဝင်အပါအဝင် ကျောင်းဆောင် (၁)လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(၂) ပေ (၂၀×၁၅) မီးဖိုဆောင်နှင့် ပေ (၆၈×၃၀) စားရိပ်သာ RC(၁)လုံး ဆောက်လုပ်ခြင်း
(၃) စက်ရေတွင်းတူးဖော်ခြင်း (အချင်း ၄" အနက် ၁၅၀")
(ခ) ကွတ်ခိုင်မူလတန်းကြိုကျောင်း
(၁) ပေ (၁၅×၂၄×၁၁) RC ကွန်ပျူတာခန်းဆောက်လုပ်ခြင်း (မီးအပါအဝင်)
၂။ တင်ဒါစည်းကမ်း အသေးစိတ်နှင့် တင်ဒါပုံစံများအား အောက်ပါလိပ်စာများတွင် ၁၀-၆-၂၀၁၅ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၂၄-၆-၂၀၁၅ရက် နံနက် ၁၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့ ၀၈၁-၂၁၂၁၁၆
(ခ) ခရိုင်လူမှုဝန်ထမ်းရုံး၊ လားရှိုးမြို့ ၀၈၂-၂၃၀၄

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) ကျေးလက်လမ်း (၅၇/၁)မိုင်
(ခ) ကျေးလက်တံတား ၆၉၃ ပေ
(ဂ) Box Culven ၅၅ ပေ
(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ (၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန် ဖြစ်ပါသည်။
(၃) အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၃၈၇၊ ၂၃၄၄၅၊ ၂၃၄၄၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ရုံးအဆောက်အအုံလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) ဘိလပ်မြေ
(ခ) သံချောင်းလုံး(ရွယ်စုံ)
(ဂ) သဲ
(ဃ) ကျောက်စရစ်
(င) အုတ်
(စ) သစ်
(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ (၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။
(၃) အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၃၈၇၊ ၂၃၄၄၅၊ ၂၃၄၄၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



Han Mi
ကိုရီးယားဘာသာစကားသင်တန်း
Daw Phyu Phyu Aung
BA(Korean), Y.U.F.L
MA(Korean), Yonsei University, Seoul.
ကိုရီးယားနိုင်ငံမှ အသိအမှတ်ပြုသော ကိုရီးယားဘာသာစကား သင်ဆရာလက်မှတ် ရရှိထားပြီး၊ TOPIK level(6)ကို ကိုယ်တိုင်အောင်မြင်ထားသူမှ ဦးစီးသင်ကြားပေးနေပါသည်။
သံရုံး TOPIK I, II အတန်းသစ်များ
Level - 1,2,3,4 တန်းခွဲသစ်များ
EPS TOPIK တန်းခွဲသစ်များ လက်ခံနေပါပြီ။
09-420220406, 09-73491002, 09-799456639

# ရောဝဏ်နှင့် ရတနာအိမ်ရာ စီမံကိန်းတွင် ၁၈ ထပ်တိုက် ၄၉ လုံးမှ အခန်း ၁၉၆၀၀ ခန်း ချထားပေးနိုင်မည်ဖြစ်

နေပြည်တော် ဇွန် ၁၂

**နေပြည်တော် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်မွန်းလွဲ ၁နာရီတွင်ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းနှင့်ဆက်စပ်ဧရိယာအတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစည်းအဝေးသို့ တက်ရောက်လာကြသူများက တစ်ဦးချင်းဌာနအလိုက်တင်ပြကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်း ၁၈ ထပ်အဆောက်အအုံ ၄၉ လုံးတွင် လူဦးရေ တစ်သိန်းခန့်ရှိပြီး ယုဇနဥယျာဉ်မြို့တော်တွင် ရှစ်သောင်း၊ ပတ်ဝန်းကျင်တွင် တည်ဆောက်လျက်ရှိသည့် အိမ်ရာစီမံကိန်းများတွင် တစ်သိန်း စုစုပေါင်း သုံးသိန်းခန့်နေထိုင်သည့် မြို့တစ်မြို့ကဲ့သို့ ဖြစ်ပြီး ယင်းနှင့် လိုက်လျောညီထွေရှိစေရေး၊ ကျောင်း၊ ဆေးရုံ၊ လမ်းနှင့် ယာဉ်လိုင်း Bus Terminal များ၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်လာပါကြောင်း၊ စီမံကိန်း ဧရိယာပတ်ဝန်းကျင်တွင်လည်း သီလဝါစက်မှုဇုန် ဖြစ်ထွန်းပေါ်ပေါက်လာပြီး တစ်ဆက်တစ်စပ်တည်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပါရန် မှာကြားသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရောဝဏ်နှင့် ရတနာအိမ်ရာ စီမံကိန်းမှာ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ရှိပြီး မြေဧက ၂၂၀ ပေါ်တွင် ၁၈ ထပ် အဆောက်အအုံ ၄၉ လုံးတွင် ၁၉၆၀၀ ခန်း၊ အခြားစီမံကိန်းများ အပါအဝင် ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း ၄၄၈၉၉ခန်း ထွက်ပေါ်လာမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ကဏ္ဍအလိုက်အသီးသီး ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မူးယစ်ဆန့်ကျင်ရေးအသင်း Ma Na တို့ ပူးပေါင်း၍ ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ကျင်းပခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

# ဂျာမနီထုတ် ခရီးသည်တင်ယာဉ်သစ်များ မကြာမီပြေးဆွဲပေးမည်



**နေပြည်တော် ဇွန် ၁၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်း ပို့ဆောင်ရေးလုပ်ငန်းမှ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်သွင်းလာသည့် ဂျာမနီနိုင်ငံထုတ် အဆင့်မြင့် ခရီးသည်တင်ယာဉ်သစ် သုံးစီးသည် ယခု ဇွန်လပထမပတ်အတွင်းက ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ရာ မကြာမီပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်မြို့တော်ရှိ မြန်မာမော်တော်ကော်ပိုရေးရှင်း သင်တန်းကျောင်း၌ ဇွန် ၁၀ ရက်နံနက်ပိုင်းက ကျင်းပသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဂျာမနီနိုင်ငံထုတ် MAN ခရီးသည်တင်ယာဉ်ကြီးများ ကိုင်တွယ်မောင်းနှင်မှုသင်တန်းနှင့် ပြင်ဆင်ထိန်းသိမ်းမှုသင်တန်း အပတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအပြီးတွင် ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ အခု ဇွန် ၂ ရက်က ရောက်ရှိလာတဲ့ အဆင့်မြင့်ခရီးသည်တင်ယာဉ်သစ် သုံးစီးကို နေပြည်တော်ကို အခြေပြုပြီး နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မော်လမြိုင် စတဲ့မြို့တွေကို အဓိကပြေးဆွဲဖို့စီစဉ်ထားပါတယ်။ အခုလ ၂၀ ရက်နေ့မှာ အသစ်တစ်စီး ထပ်ရောက်လာဦးမှာပါ။ ပထမအသုတ်အနေနဲ့ လေးစီးတင်သွင်းတာဖြစ်ပါတယ်။ အဓိကကတော့ အခြေခံလူတန်းစား ခရီးသည်တွေသွားရေးလာရေး အဆင်ပြေချောမွေ့စေဖို့အတွက် ဝန်ဆောင်မှုပေးဖို့ပဲဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-အောင်မျိုးကျော်(ကပရ)**

## လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ထန်းတောအုပ်စု
ညောင်သူများကျေးရွာနေ
ဦးကံလှ-ဒေါ်သန်းဆင့်၊ ဦးကံမောင်-ဒေါ်တင်မြင့်'ဂျိုးဝါ'မိသားစုတို့၏မြေး၊
ဦးအေးလွင်-ဒေါ်ဝင်းဝင်းအေး('ဂျိုးဝါ'အမြန်ရေယာဉ်) တို့၏သား

**မောင်ထက်ထက်နိုင်**

**နှင့်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးစံပြကျေးရွာနေ
ဦးကျောက်ခဲ-ဒေါ်ရွှေညွန့်၊
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ မာလာလမ်းနေ
ဦးဝေ-ဒေါ်ညွန့်မေတို့၏မြေး၊ ဦးဝင်းမော်-ဒေါ်ဝင်းမာကြည်
('အဏ္ဏဝါရာဇာ'အမြန်ရေယာဉ်) တို့၏ဒုတိယသမီး

**မနှင်းပွင့်မော် (4th year,Zoology)**

တို့၏ ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)တွင် မုံရွာမြို့ 'ပေါ်ဦးခန်းမ(A)'မြေညီထပ်တွင် ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထက်ထက်နိုင်-မနှင်းပွင့်မော်**




### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ (၁) ရပ်ကွက်၊ နယ်မြေ(၁၁)မှ မောင်အိုက်ကျိတ် ၁၃/ကမန(နိုင်)၀၈၁၅၉၀နှင့် မောင်ကျော်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ကျော်ဝင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇေယျာလင်း ၁၀/ကမရ(နိုင်)၀၈၂၇၆၅၏ နိုင်ငံကူးလက်မှတ် A-024519မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၃၄၂၁၇၂**

### အမည်ပြောင်း

ဦးဇော်တင်အောင် ၁၃/နဆန(နိုင်)၀၃၂၇၂၆၏သမီး ကျောက်မဲမြို့၊ အမှတ်(၆)၊ မူလတန်းလွန်ကျောင်း အဌမတန်း(B)မှ နန်းအေးချမ်းမိုးအား နန်းရွှေမဒီအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **နန်းရွှေမဒီအောင်**

### အမည်ပြောင်း

ဦးမင်းဝေ၏သမီး ကျောက်မဲမြို့၊ အထက(၂) နဝမတန်း(A)မှ မအိမ့်ကေသာ ၁၃/ကမန(နိုင်)၁၃၇၈၄၆အား မအိမ့်ကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ကေခိုင်**

### မိခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ အထက(ခွဲ) မောင်းကုန်းရွာ၊ သတ္တမတန်း(B)မှ မောင်ဟိန်းထက်ယံ၏ မိခင်အမည်မှန်မှာ ဒေါ်ချောစုလှိုင် ၅/ထခန(နိုင်)၀၄၈၃၁၇ဖြစ်ပါကြောင်း။ **ဒေါ်ချောစုလှိုင်**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးမြင့်ဝင်း (MD.Aung Myin Kyaw Kyar Family Rubber Plantation) နှင့် ဒေါ်သီသီတင် (ဒုတိယ- ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန) တို့၏ သမီးကြီး မရွှမ်းဝေအိ ဆဗဟ - ၄၀၄ (အ. ထ. က (၂) ဗဟန်း (နန်ယန်) )သည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဘာသာစုံ (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**Dr. နိုင်အောင်ဝင်း၊ ဦးမျိုးလွင်အောင်၊ ဦးသန့်စင်၊ ဦးစံသူ၊ ဦးဝင်းသိန်း၊**
**ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ကြူကြူသင်း၊ ဒေါ်အေးသိန်း**

**1979 X A အ.ထ.က (၂) ရန်ကင်းမှ သူငယ်ချင်းများ**




# ကျောက်ထုဒေသ နော်ကျေးရွာတွင် ရေသွယ်မြောင်းဖောက်လုပ်

**ကျောက်ထု ဇွန် ၁၂**

ဂန့်ဂေါခရိုင် ကျောက်ထုဒေသ နော်ကျေးရွာတွင် လယ်ယာမြေများအတွက်ရေသွယ်ရန် ဧည့်ခံအမည်ရှိ ရေသွယ်မြောင်းကို တောင်သူ ၆၄ ဦးတို့က ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ မြောင်းဖောက်လုပ်ပြီးစီးပါက လယ်မြေ ၁၂၅ ဧကကို ရာသီမရွေး စိုက်ပျိုးရေပေးသွင်းနိုင်မည်ဖြစ်သည်။ ယခုအခါ မြောင်းအရှည် ၁၄၂၈ ပေ ဖောက်လုပ်ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မြောင်းဖောက်ခြင်းအတွက် ငွေကျပ် ၂၈၉ သိန်းကျော် ကုန်ကျမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ရေမြောင်းဖောက်လုပ်ပြီးစီးပါက ရေသွယ်လျှောက် ၁၂ ခု ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါရေသွယ်မြောင်း လျင်မြန်စွာပြီးစီးနိုင်ရေးနည်းပညာနှင့် အခြားအကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**တာချီလိတ် ဇွန် ၁၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၀ ရက်က တာချီလိတ်ခရိုင် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက အသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မအူပင်မြို့တွင် အိမ်ရာမဲ့ပြည်သူများအား နေရာချထားပေး

**မအူပင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအနေဖြင့် အိမ်ရာမဲ့ပြည်သူများ နေထိုင်မှုအဆင်ပြေစေရန် အောင်ချမ်းသာအိမ်ရာ ချထားပေးရေး ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ပံ့ပိုးကူညီမှု၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ဦးဆောင်မှု၊ ခရိုင်/ မြို့နယ် တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။



အောင်ချမ်းသာအိမ်ရာချထားပေးရေးကို မအူပင်မြို့နယ် ကျွန်းစုကျေးရွာအုပ်စု တံမံလေးကျေးရွာတွင် ဆောင်ရွက်လျက်ရှိပြီး အိမ်ရာမဲ့ပြည်သူများကို အိမ်ခြေ ၂၀၀ ကျော် ဆောက်လုပ်ပေးခဲ့ပြီး ကျန်အိမ်ရာမဲ့များကို အိမ်ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ခိုင်**

# အခြေခံမဲဆန္ဒရှင်စာရင်းများကြေညာနိုင်ရေး ညှိနှိုင်းစည်းဝေး

**သီပေါ ဇွန် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအခြေခံမဲဆန္ဒရှင် စာရင်းများကို ပဏာမနှစ်ပတ် ကပ်ထားကြေညာနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ ရက်က ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုင်းမောင်လှက လုပ်ငန်းလမ်းညွှန်ချက်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ဦးကျော်ကျော်က မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်စာရင်းများ ကြေညာရာတွင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း၊ ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်းက ရွေးကောက်ပွဲဆိုင်ရာများနှင့် အခြေခံမဲဆန္ဒရှင် စာရင်းများ စီမံဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မူခင်းကျဆင်းရေးပညာပေးဟောပြော

**ရေစကြို ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကဖွင့်လှစ်ထားသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၉ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လူကုန်ကူးတားဆီးရေးတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဆန်းက လူကုန်ကူးမှု၊ လူမှောင်ခိုမှုအကြောင်း သိကောင်းစရာများနှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးလွင်က တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲခြင်းနှင့် ပြစ်မှုပြစ်ဒဏ်အကြောင်းကို လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စည်သူအောင်က မူခင်းကျဆင်းရေးအကြောင်းကို လည်းကောင်း ပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ်ဖွင့်

**ဝါးခယ်မ ဇွန် ၁၂**

နိုင်ငံ့ဂုဏ်ရည်ပထမဆင့် သခင်သိန်းဖေ၏ (၉၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့နေ သခင်သိန်းဖေ- ဒေါ်လှသန်းမိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ဝါးခယ်မမြို့နယ် မဟာဓမ္မိကာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရေစက်ချမင်္ဂလာနှင့် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဇွန် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားကို မဟာဓမ္မိကာရုံကျောင်းတိုက်၌ကျင်းပရာ သခင်သိန်းဖေမိသားစုဝင်တစ်ဦးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နာယက ဦးအုံ့ကျော်က ငွေပဒေသာပင် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ သံကူကွန်ကရစ်တစ်ထပ်အမျိုးအစားဖြစ်ပြီး ဆရာ ဆရာမနှစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၈ ဦးရှိကြောင်း သိရသည်။ **ကျော်စိန်(ဝါးခယ်မ)**



# ဗုဒ္ဓသာသနာယဉ်ကျေးမှုအောင်ပွဲဆုနှင်းသဘင်ကျင်းပ

**နတ်မောက် ဇွန် ၁၂**

နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု နှုတ်ဖြေ၊ ရေးဖြေစာမေးပွဲကြီးကို ရွာဦးဘုန်းတော်ကြီး ကျွဲတဲကျောင်း သဒ္ဒမ္မပီတိဓမ္မာရုံကြီး၌ ဇွန် ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် သင်တန်းကြီးမှကျင်းပသော ဘာသာရပ်အားလုံးပြီးဆုံးအောင်မြင်သော ရှင်သာမဏေတစ်ပါးနှင့် ကျောင်းသူနှစ်ဦးတို့ကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း**

# မူလတန်းဆရာအတတ်ပညာအထူးသင်တန်းဆင်း

**တနင်္သာရီ ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း အခြေပြုမူလတန်းဆရာအတတ်ပညာအထူးသင်တန်း(၂/၂၀၁၅)ဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၈ ရက်က (အထက) တနင်္သာရီပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်မောင်ကြည်က လက်ရှိသင်တန်းဖွင့်ပို့ချရခြင်း ရည်ရွယ် ချက်များနှင့် သင်တန်းတစ်လျှောက် အခန်းလိုက်ဘောလုံးပြိုင်ပွဲ၊ ကာယ၊ စစ်ရေးပြပြိုင်ပွဲနှင့် ဘက်စုံထူးချွန်လူရည်မွန်ဆုရရှိသူများ စာရင်းကိုကြေညာခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းခြင်းလုပ်ငန်းကို ဇွန်ပထမပတ်က မြို့နယ်ဦးစီးဌာနမှူး ဦးမိုးဆက်နှင့် ဝန်ထမ်းများက အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ကိုကို(ပျဉ်းမနား)

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် တောင်သူများအား ကျပ်သန်းပေါင်းငါးသောင်းကျော် ထုတ်ချေးမည်

**စစ်တွေ ဇွန် ၁၂**

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်မှ တောင်သူများအတွက် ၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးရန် ချေးငွေများကို ဇွန်လဆန်းမှစ၍ ထုတ်ချေးပေးလျက်ရှိကာ စုစုပေါင်းချေးငွေ ကျပ်သန်းပေါင်း ငါးသောင်းကျော်ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွင်း ကျေးရွာ ၉၆၈ ရွာရှိ တောင်သူ ၁၁၁၉၃ ဦး၏ လယ်ဧက ၅၇၂၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျပ်သန်းပေါင်း ၅၇၂၀၀ ထုတ်ချေးပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်ဘဏ်ခွဲမှ သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် လယ်ယာလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ(၇) ရရှိပြီး လုပ်ကွက်ငယ်လုပ်ကိုင်သော တောင်သူလယ်သမားများ၊ သီးနှံ ၁၀ ဧကအောက် လုပ်ကိုင်သူများကို စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ(၂၃)အရ ဆန္ဒအလျောက်ပါဝင်သော တောင်သူလယ်သမား သုံးဦးပါဝင်သည့် အစုအဖွဲ့တစ်ခုစီဖြင့် တာဝန်ခံစေပြီး ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၁ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၈ ရက်အထိ မြို့နယ် ၁၆ မြို့နယ် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ အစုအဖွဲ့ ၃၇၉ စုရှိ တောင်သူ ၁၀၆၅ ဦး၏ လယ်မြေ ၄၄၉၃ ဧကအတွက် ကျပ် ၄၄၉၃ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်လယ်သမားများအတွက် ချေးငွေများကိုလည်း စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကာ အတိုးနှုန်းမှာ ငွေကျပ်တစ်ရာလျှင် တစ်လ ၄၂ ပြားဖြစ်သည်။ တောင်သူများအနေဖြင့် ၂၀၁၄ ခုနှစ် မိုးစပါးချေးငွေနှင့် ဆောင်းသီးနှံချေးငွေများကို သက်ဆိုင်ရာဘဏ်ခွဲများသို့ အမြန်ဆုံးပြန်လည်ပေးဆပ်ပြီး ယခုနှစ်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ထုတ်ယူနိုင်ကြောင်း ပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ဇော်နိုင်ထွန်း**(iprd)




# ပြန်လည်စွန့်လွှတ်သည့် လယ်မြေများအား တောင်သူများထံ ပြန်လည်ပေးအပ်

**မြန်အောင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွာတောကျေးရွာအုပ်စု ဆပ်ပြာကျင်းကျေးရွာ ကွင်းအမှတ်(၂၁၀)မှ တပ်မတော်ကပြန်လည် စွန့်လွှတ်သည့် လယ်မြေ ၁၄ ဒသမ ၇၉ ဧကကို မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်အပ်နှံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

လယ်မြေများပြန်လည်အပ်နှံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းတို့က တပ်မတော်က ပြန်လည်စွန့်လွှတ်သည့် လယ်မြေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သက်တို့က လယ်ယာမြေပြန်လည်ရရှိသည့် တောင်သူရှစ်ဦးအား လယ်ယာမြေမှတ်ပုံတင်လက်မှတ် ပုံစံ(၇)များကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

အဆိုပါလယ်ယာမြေများသည် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းဆောက်လုပ်ရန် သိမ်းယူထားသည့် လယ်မြေများဖြစ်ပြီး ဆက်လက်အသုံးမပြုတော့၍ နယ်မြေခံတပ်ရင်းက ပြန်လည်စွန့်လွှတ်ခြင်းဖြစ်ကာ လယ်မြေများကို ကျေးရွာနှင့် မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့က စစ်ဆေးခဲ့ပြီး မူလလုပ်ကိုင်ခဲ့သော တောင်သူများထံသို့ ပြန်လည် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဦးမြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာ

**ရေဦး ဇွန် ၁၂**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်စာရင်းများကို မြို့နယ်အသီးသီး၌ စတင်ကြေညာလျက်ရှိရာ ရေဦးမြို့နယ်၌လည်း မဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်တွင် စတင်ကြေညာထားကြောင်း သိရသည်။

အခြေခံ မဲဆန္ဒရှင်စာရင်းကို မြို့နယ်အတွင်း ရပ်ကွက် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဇွန် ၈ရက်မှ ၂၁ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်ကာ ရေဦးမြို့နယ်တစ်ခုလုံးတွင် မဲပေးပိုင်ခွင့်ရှိသူ ကိုးသောင်းကျော်ရှိကြောင်း၊ မဲစာရင်းတွင် မပါရှိသူ အနည်းငယ် ရှိနိုင်သေးကြောင်းနှင့် ကျန်နေသူများအနေဖြင့် ရပ်ကွက် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သန်းထိုက်(ရေဦး)**




မဲဆန္ဒရှင်စာရင်းကို ကြည့်ရှုနေသော ပြည်သူများ။

# စစ်တွေမြို့လယ်ချောင်းတံတားဟောင်းကို အသစ်ပြန်လည်တည်ဆောက်မည်

**စစ်တွေ ဇွန် ၁၂**

စစ်တွေမြို့ လမ်းမကြီးလမ်းပေါ်မှ အလျား ပေ ၅၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၄၀ နှင့် လူသွားလမ်းတစ်ဘက် ၅ ပေစီရှိသည့် စစ်တွေမြို့လယ်ချောင်းတံတားဟောင်းကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

တံတားသစ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တံတားသစ်တည်ဆောက်ရန်အတွက် အင်ဂျင်နီယာရှေ့ပြေးလုပ်ငန်းများကို ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသစ်တည်ဆောက်မည့် တံတားသစ်၏ဒီဇိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း၊ တံတားဦးစီးဌာနသို့ အပ်နှံဆောင်ရွက်လျက်ရှိပြီး တံတားသစ်ပုံစံကျလာပါက တံတားတည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါအချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အဂတိလိုက်စား မှုတိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်သော အသိပညာပေးရှင်းလင်းပွဲကို ဇွန် ၉ ရက်က ကျင်းပခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ အချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လှိုင်စိုးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အမှုတွဲများစစ်ဆေးမှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်း ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ပေါ်ရှိ ဒေသခံပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုင်ရာ ဆွေးနွေးပွဲ အောင်လံမြို့၌ကျင်းပ

**အောင်လံ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ မြို့မဈေးကြီး ဈေးကော်မတီရုံးခန်း၌ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူး၍ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်မျိုးမင်းက စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဖေက စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သီးနှံမျိုးစေ့များရောင်းချရာတွင် လိုက်နာရမည့် ဥပဒေများနှင့် စိုက်ခင်းများအတွင်း အခက်အခဲပြဿနာများရှိပါက ကူညီဆောင်ရွက်ပေးသွားရန် စီစဉ်ထားမှုများ၊ မွေး/ကု ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းမင်းဦးက သားသတ်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နေမှုများနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ စားသုံးသူများနှင့် ထုတ်လုပ်ရောင်းချသူများအနေဖြင့် ထဲထဲဝင်ဝင် သိရှိရန် လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်္ဂလန်တို့ နိုင်ပွဲဆက်မယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ



ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို ဇွန် ၁၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ နာမည်ကြီးအင်္ဂလန်တို့ ဆလိုဗေးနီးယားနဲ့ ဆင်နွှဲရပါလိမ့်မယ်။ ဒါ့အပြင် စပိန်တို့က ဘီလာရုစ်နဲ့ယှဉ်ပြိုင်ရမှာဖြစ်ပြီး ယူကရိန်းနဲ့ လူဇင်ဘတ်၊ လစ်သူယေးနီးယားနဲ့ဆွစ်ဇာလန်၊ ဆွီဒင်နဲ့ မွန်တီနီဂရိုး၊ ရုရှားနဲ့ သြစတြီးယား စတဲ့ပွဲတွေကို အားပေးကြရဦးမှာဖြစ်ပါတယ်။

## ဆလိုဗေးနီးယားနှင့် အင်္ဂလန်

အုပ်စု(E)မှာ အင်္ဂလန်တို့ ငါးပွဲကစား၊ ၁၄ ဂိုးသွင်းပြီး ၁၅မှတ်ရရှိကာ အုပ်စုထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဆလိုဗေးနီးယားတို့ကလည်း ငါးပွဲကစား၊ ခြောက်ဂိုးသွင်းပြီး ကိုးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေတာမို့ အင်္ဂလန်တို့ လျှော့တွက်လို့တော့မရပါဘူး။ ပထမအကျော့မှာ အင်္ဂလန်တို့ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ ခြေစစ်ပွဲမှာ ရှုံးပွဲမရှိသေးတဲ့ အင်္ဂလန်ဟာ ဂိုးတွေသွင်းပြီး အောင်ပွဲခံဦးမှာဖြစ်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူးတွေဖြစ်တဲ့ ရွန်နေနဲ့ ဝဲလ်ဘတ်တို့က ဂိုးတွေသွင်းယူဖို့ ကြိုးစားကြဦးမှာဖြစ်ပါတယ်။

## ဘီလာရုစ်နှင့် စပိန်

အုပ်စု(C)မှာ စပိန်တို့ ငါးပွဲကစားပြီး ၁၂ မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပြီး ဘီလာရုစ်တို့ကတော့ ငါးပွဲကစား၊ လေးမှတ်ပဲရရှိထားပါတယ်။ ပထမအကျော့ပွဲစဉ်တွေမှာ စပိန်တို့က သုံးဂိုးပြတ်နိုင်ပွဲရထားပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာလည်း နိုင်ပွဲတွေချည်း ရယူထားပါတယ်။ စပိန်တို့ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် လူဇင်ဘတ်၊ ဘီလာရုစ်၊ ယူကရိန်းတို့ကို နိုင်ပွဲတွေရအောင် ကစားထားနိုင်ပါတယ်။ စပိန်တိုက်စစ်မှူးတွေဖြစ်တဲ့ ပီဒရို၊ မိုရာတာနဲ့ နိုလီတို တို့က ဂိုးသွင်းထက်မြက်သူတွေဖြစ်တာမို့ ဘီလာရုစ်တို့ အနိုင်ရဖို့ မလွယ်ပါဘူး။

## ဆွီဒင်နှင့် မွန်တီနီဂရိုး

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုက အပြန်အလှန် ဖိအားပေးမှုတွေနဲ့ အကြိတ်အနယ် ရှိလာပါလိမ့်မယ်။ ဆွီဒင်ဟာ ခြေစစ်ပွဲနောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် လက်ချင်စတိန်းကို နှစ်ဂိုးပြတ်၊ မွန်တီနီဂရိုးကို တစ်ဂိုးစီသရေ၊ မော်ဒိုဗာကို နှစ်ဂိုးပြတ်နဲ့ နိုင်ထားတာမို့ အခုပွဲမှာ ဆွီဒင်တို့ သုံးမှတ်အပြည့်ရယူဖို့ အားထုတ်ပါလိမ့်မယ်။ မွန်တီနီဂရိုးဟာ နောက်ဆုံးသုံးပွဲမှာ တစ်ပွဲမှ နိုင်ပွဲမရသေးတာမို့ အခုပွဲလည်း အမြင့်ဆုံးမျှော်မှန်းနိုင်မှ သရေပါပဲ။

## ရုရှားနှင့် သြစတြီးယား

အုပ်စု(G)မှာ ရုရှားတို့ ငါးပွဲကစား၊ ရှစ်မှတ်ပဲရရှိထားပါတယ်။ သြစတြီးယားတို့က ငါးပွဲကစား၊ ၁၃ မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ ဒီပွဲမှာ ရုရှားတို့ မလွယ်ပါဘူး။ ပထမအကျော့ပွဲစဉ်မှာ သြစတြီးယားက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ ရုရှားတို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ရုရှားဟာ အုပ်စုပွဲစဉ်တွေအဖြစ် မော်ဒိုဗာကို တစ်ဂိုးစီသရေ၊ သြစတြီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး မွန်တီနီဂရိုးကို ဂိုးမရှိ သရေပွဲဖြစ်ထားပါတယ်။ သြစတြီးယားမှာ ဂျန်ကို၊ အိုကိုတေး၊ အာနူတိုဗစ်တို့က ဂိုးသွင်းနေကြတာမို့ အခုပွဲဟာ ရုရှားတို့ ခက်ခဲဦးမယ့်ပွဲပါပဲ။

## ယူကရိန်းနှင့် လူဇင်ဘတ်

အုပ်စု(C)မှာ ယူကရိန်းက ငါးပွဲကစားပြီးချိန်မှာ ကိုးမှတ်ရရှိပြီး အုပ်စုတတိယနေရာမှာ ရပ်တည်နေပါတယ်။ လူဇင်ဘတ်တို့ကတော့ ငါးပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိပြီး အခြေအနေမကောင်းပါဘူး။ ပထမအကျော့မှာ ယူကရိန်းတို့က သုံးဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း လူဇင်ဘတ်အနေနဲ့ ဂိုးမပြတ်အောင် ကြိုးစားရဖို့ကလွဲပြီး တခြားမျှော်လင့်စရာမရှိနိုင်ပါဘူး။ ယူကရိန်းမှာ ယာမိုလန်ကို၊ ကိုနိုပရန်ကာတို့က အားထားရသူတွေဖြစ်ပြီး ဂိုးလည်းသွင်းနိုင်သူတွေဖြစ်လို့ သူတို့ရဲ့ အားထုတ်မှုကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## လစ်သူယေးနီးယားနှင့် ဆွစ်ဇာလန်

ပထမအကျော့မှာ ဆွစ်ဇာလန်တို့က လေးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ အုပ်စု(E)မှာ ဆွစ်ဇာလန်တို့က ငါးပွဲကစား၊ ကိုးမှတ်နဲ့ အုပ်စုတတိယနေရာမှာရှိနေပြီး လစ်သူယေးနီးယားတို့က ငါးပွဲကစား၊ ခြောက်မှတ်နဲ့ အုပ်စုစတုတ္ထနေရာမှာရှိနေပါတယ်။ ဆွစ်ဇာလန်မှာ ဆီဖာရိုဗစ်၊ ဒါမစ်၊ မက်မီဒီတို့က တိုက်စစ်မှာ အားထားရသူတွေဖြစ်ပြီး ဂိုးလည်းသွင်းနိုင်ကြတာမို့ အခုပွဲဟာ ဆွစ်ဇာလန်တို့ အခြေအနေကောင်းသွားနိုင်တဲ့ ပွဲဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

# ဖီဖာဥက္ကဋ္ဌဖြစ်လိုတဲ့ ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ဇီကို

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ရဲ့ လာဘ်စားမှုပြဿနာဖြေရှင်းနိုင်ဖို့ ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ဇီကိုက ဖီဖာဥက္ကဋ္ဌဖြစ်လိုတယ်လို့ ဝန်ခံပြောကြားလိုက်ပါတယ်။ အသက် ၆၂ နှစ်အရွယ် ဇီကိုက သူ့အနေနဲ့ ဖီဖာဥက္ကဋ္ဌရာထူးတာဝန် ထမ်းဆောင်ပေးဖို့ အသင့်ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။ လက်ရှိဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာဟာ ပြီးခဲ့တဲ့လက ပြန်လည်အရွေးခံရပြီး လေးရက်အကြာမှာ နုတ်ထွက်ကြောင်း ကြေညာလိုက်ပါတယ်။

အမေရိကန်နဲ့ ဆွစ်ဇာလန်အာဏာပိုင်တွေက ကမ္ဘာ့ဖလား အိမ်ရှင်နှစ်နိုင်ငံရဲ့ လာဘ်ပေးမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဇီကိုက သူ့အနေနဲ့ ဖီဖာဥက္ကဋ္ဌနေရာအတွက် ဝင်ရောက်အရွေးခံလိုတယ်လို့ ရီယိုဒီဂျနေးရိုးမြို့ အားကစားကျွမ်းကျင်မှုစင်တာတစ်ခုမှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုလိုက်တာဖြစ်ပါတယ်။ ဇီကိုဟာ ဘရာဇီးဘောလုံးသမိုင်းမှာ ထင်ရှားတဲ့ ကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူဟာ ဘရာဇီးအသင်းနဲ့အတူ ၁၉၇၈၊ ၁၉၈၂ နဲ့ ၁၉၈၆ ခုနှစ်တွေမှာ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ ရုရှား၊ စီအက်စ်ကေအေမော်စကိုနဲ့ တူရကီကလပ် ဖီနာဘာချီအသင်းတွေမှာ နည်းပြမလုပ်မီ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းနဲ့အတူ ဖလား ၁၂ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။






အင်္ဂလန်နည်းပြဟောင်း စတိဗ်မက္ကလာရင်ဟာ နယူးကာဆယ်နည်းပြဖြစ်လာပါပြီ။ အသက် ၅၄ နှစ်အရွယ် မက္ကလာရင်ဟာ အင်္ဂါနေ့က နုတ်ထွက်သွားတဲ့ ဂျွန်ကာဗာနေရာမှာ ဆက်ခံမှာဖြစ်ပါတယ်။ မက္ကလာရင်ကို နယူးကာဆယ်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ခြင်းဖြစ်ပြီး ရှစ်နှစ်အထိ သက်တမ်းတိုးနိုင်တယ်လို့ ဆိုပါတယ်။ သူ့ကို မေလအတွင်းမှာ ဒါဘီအသင်းက အလုပ်ဖြုတ်ခဲ့တာဖြစ်ပါတယ်။ မက္ကလာရင်အနေနဲ့ ဒီဇင်ဘာလအတွင်း အလန်ပါဒူးထွက်ခွာသွားကတည်းက နယူးကာဆယ်သို့ အဆက်အသွယ် ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းရဲ့ ၂၁ နှစ်အောက် အသင်းနည်းပြ ဗီအဲရာကလည်း နယူးကာဆယ်နည်းပြဖြစ်ဖို့ ကြိုးစားခဲ့တာပါ။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ မက္ကလာရင်ဟာ ၂၀၀၆ မှ ၂၀၀၇ ခုနှစ်အထိ အင်္ဂလန်နည်းပြလုပ်ခဲ့သူလည်းဖြစ်ပါတယ်။ ဒီနောက်မှာတော့ မစ်ဒယ်ဘရော့၊ နော့တင်ဟမ်ဖောရက်စ်နဲ့ ဂျာမန်ကလပ် ဝုဒ်ဘတ်တို့မှာလည်း နည်းပြလုပ်ခဲ့ပါတယ်။

# ကမ္ဘာ့အချမ်းသာဆုံးဖြစ်လာတဲ့ အားကစားသမား မေဝဲသား

အမေရိကန်လက်ဝှေ့သမား ဖလွိုက်မေဝဲသားဟာ လွန်ခဲ့တဲ့ ၁၂လအတွင်း ဝင်ငွေအကောင်းဆုံး အားကစားသမားဖြစ်ခဲ့တယ်လို့ ဖောဘီးစ်စီးပွားရေးမဂ္ဂဇင်းရဲ့ စာရင်းဇယားများမှာ ဖော်ပြထားပါတယ်။ မေဝဲသားရဲ့ တစ်နှစ်တာဝင်ငွေဟာ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၃၀၀ အထိ ဝင်ငွေရှိခဲ့တယ်လို့ ဆိုပါတယ်။ မေဝဲသားဟာ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကီယောင်နဲ့ ထိုးသတ်ခဲ့တဲ့ပွဲမှာ ဝင်ငွေအများဆုံးရခဲ့တယ်လို့ ဆိုပါတယ်။ မေဝဲသားရဲ့ပြိုင်ဘက် ပက်ကီယောင်ကတော့ ဒေါ်လာသန်း ၁၆၀ ရခဲ့ပြီး ဒုတိယဝင်ငွေအကောင်းဆုံးလို့ ဆိုပါတယ်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုကတော့ ဒေါ်လာ ၇၉ ဒသမ ၆ သန်းနဲ့ တတိယဝင်ငွေအကောင်းဆုံးလို့ ဆိုပါတယ်။ ဒီဝင်ငွေတွေဟာ လွန်ခဲ့တဲ့ ၁၂ လအတွင်း လစာနဲ့ ဆုကြေးတွေအပါအဝင် ဖြစ်တယ်လို့ ဆိုပါတယ်။ မက်ဆီကတော့ စတုတ္ထဝင်ငွေအကောင်းဆုံးဖြစ်ပြီး တိုက်ဂါးဝုဒ်ကတော့ ထိပ်ဆုံး ၁၀ ဦးစာရင်းဝင်ဆဲဖြစ်ပြီး ဒေါ်လာသန်း ၅၀ အထိ ဝင်ငွေရှိတယ်လို့ ဆိုပါတယ်။ ဂါရက်ဘေးလ်က ဒေါ်လာ ၂၅ ဒသမ ၅ သန်း၊ ရွန်နေက ၂၆ ဒသမ ၉ သန်း ဝင်ငွေရှိခဲ့တယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ ➤➤ စုစည်းသည်။**

# ညောင်ရမ်းကျေးရွာအုပ်စုတွင် မိုးထောင်ငရုတ်ခင်းများ အောင်မြင်ဖြစ်ထွန်း

**သာစည် ဇွန် ၁၂**

သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စုအတွင်းရှိ ဉသျှစ်ကုန်း၊ ကွမ်းခြံတော၊ အလယ်ရွာ၊ တင်းတိမ်ကာ၊ ကန့်ဖြူ၊ မကျီးရိုး၊ ဇီးတောအိုင်၊ သုံးပတ်လည်စသည့် ကျေးရွာများတွင် ယခုလအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်သူတို့စိုက်ပျိုးထားသော ဆောင်းမိုးထောင်ငရုတ်ပင်များမှာ ရှင်သန်ပြီး အသီးအပွင့်များဖြင့် ဝေဝေဆာဆာ ရှိနေကြသည်ကို တွေ့ရသည်။

ညောင်ရမ်းကျေးရွာ အုပ်စုအတွင်းရှိ တောင်သူအများစုမှာ ဆောင်းမိုးထောင်ငရုတ်ကို မိုးစပါးမစိုက်မီ အပိုဝင်ငွေရရှိရေးအတွက် အဓိကထား စိုက်ပျိုးကြသည်။ ဆောင်းမိုးထောင် ငရုတ်ကို တန်ဆောင်မုန်းလမှာ ပျိုးထောင်ပြီး ပြာသိုနှင့် တပို့တွဲလတို့တွင် အပြီးစိုက်ပျိုးကြသည်။ ကဆုန်လနှင့် နယုန်လတို့တွင် အသီးအပွင့် ဖြိုင်ဖြိုင်ဝေနေပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်းလတို့တွင် အသီးအမှည့်များကို ခူးဆွတ်၍ ရေနွေးဖြော၊ အခြောက်လှန်း၍လည်းကောင်း သဘာဝနေရောင်ခြည်ဖြင့် အခြောက်လှန်း၍လည်းကောင်း ရရှိသည့် ငရုတ်သီးခြောက်များကို ပိဿာဈေးဖြင့် ပွဲရုံများသို့ ရောင်းချကြသည်။

"ကျွန်တော်တို့ တောင်သူတွေက ဆောင်းမိုးထောင်ငရုတ်ကို အဓိကအားထား စိုက်ပျိုးကြရတာက မိုးစပါးစိုက်ရာမှာ ကုန်ကျမယ့်ငွေကို ပြင်ပမှာ မရှာဖွေဘဲ ငရုတ်ရောင်းရငွေနှင့် ကာမိအောင်စိုက်ကြရတာပါ။ ဆောင်းမိုးထောင်ငရုတ် ပေါ်ချိန်မှာ အခြောက်တစ်ပိဿာ ငွေကျပ် ၂၅၀၀ ရပါတယ်။ သက်ဆိုင်ရာက စိုက်ပျိုးစရိတ်ချေးတဲ့အခါမှာ မိုးစပါးတစ်ဧကအတွက် ငွေကျပ် တစ်သိန်းပေးပြီး အခြားသီးနှံအတွက်ကျတော့ တစ်ဧကမှ နှစ်သောင်းပဲပေးထားတာ။ အဲဒီငွေနှစ်သောင်းဆိုတာ တကယ်တွက်ကြည့်ရင် ထွန်လေးရှည်းဖိုးပဲ ရှိပါတယ်"ဟု ဉသျှစ်ကုန်းကျေးရွာမှ တောင်သူကြီး ဦးသန်းဝင်းက ပြောပြသည်။

သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုတို့တွင် ယခုနှစ် ဆောင်းမိုးထောင် ငရုတ်မျိုးကို တောင်သူဦးကြီးများက ဧက ၂၀၀ အထိ စိုက်ပျိုးထားကြကြောင်း သိရသည်။

**မောင်ကို (သာစည်)**





# ကုလားအော်ငရုတ်သီးဈေးကွက်ကောင်းသော်လည်း တောင်သူများအရှုံးပေါ်

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာတွင် ကုလားအော်ငရုတ်သီးစိုက်ပျိုးသော တောင်သူများမှာ ဈေးကွက်တွင် ကုလားအော်သီးမှာ ဈေးကောင်းသော်လည်း အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးမှုနှင့်ပတ်သက်၍ ယခင်နှစ်က ကုလားအော်သီး တစ်ပိဿာကို ငွေကျပ် ၁၀၀၀မှ ၁၅၀၀ သာရပါတယ်။ ယခုနှစ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အထိရပေမယ့် ကျွန်တော်တို့မှာ အရှုံးပေါ်နေပါတယ်၊ ဘာလို့လဲဆိုတော့ နေကအလွန်ပူပြီး အပွင့်တွေကကြွေကျကုန်တယ်၊ မိုးကနည်းတော့ ပိုဆိုးတယ်။ အရင်ကဆို တစ်ဧကကို ၁၀ ရက်တစ်ကြိမ် ခူးလိုက်တိုင်း ပိဿာချိန် ၄၀၀ ကျော်ရရှိပြီ။ ခုနှစ်မှာတော့ ခူးလိုက်တိုင်း တစ်ဧကကို ပိဿာချိန် ၂၀ မှ ၂၅ ပိဿာကြားပဲရတော့ အရှုံးပေါ်ပါတယ်"ဟု ပျဉ်းမနားမြို့နယ် တောင် သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနေ ငရုတ်သီးစိုက်ပျိုးသူ တောင်သူဦးရွှေကိုက ပြောသည်။

၎င်းကုလားအော်ငရုတ်သီးကို စပါးရိတ်သိမ်းချိန်ပြာသိုလမှ စတင်စိုက်ပျိုးပြီး တန်ခူးလမှစ၍ ၁၀ ရက်တစ်ကြိမ် ခူးယူရောင်းချနိုင်ပြီး မိုးစပါးစိုက်ပျိုးချိန် ဝါဆိုလအထိ စိုက်ပျိုးနိုင်သည်ဟု သိရသည်။ **မောင်ကျိုက်လတ်**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ကျောက်ပုံကို အရှိန်လွန်ဝင်တိုက်သည့် ယာဉ်ငယ်ကို ပိုင်ရှင်မဲ့တွေ့ရှိ

**ရေတာရှည် ဇွန် ၁၂**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ပြီစုတ်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဇွန် ၁၀ ရက် နံနက် ၄ နာရီခွဲခန့်က ယာဉ်ငယ်တစ်စီး ကျောက်ပုံကို အရှိန်လွန်ဝင်တိုက်မိကြောင်း သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ဝင်းနိုင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ ကားလမ်း မိုင်တိုင်အမှတ် (၁၉၆/၄)နှင့် (၁၉၆/၅)အကြား ပြီစုတ်ကျေးရွာ မြောက်ဘက်အနီး၌ တောင်မှ မြောက်သို့မောင်းနှင်လာသော HONDA Fit 9F/---- (လိုင်စင်) စိစစ်ဆဲ အနက်ရောင်ယာဉ်ကို ရှေ့ပိုင်းဘန်ပါများပျက်စီး၊ ရှေ့ဘီးနှစ်လုံးစလုံးပေါက်ကာ ရှေ့လေအိတ်များပွင့်ထွက်လျက်တွေ့ရှိရပြီး ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာ ကားလမ်းအရှေ့ဘက်နံဘေးတွင် လမ်းပြုပြင်ရန်အတွက် ကျောက်ပုံများထားရှိပြီး လတ်တလောခင်းထားသည့် ဂဝံမြေများမှာလည်း လျှောနေသည်ကို တွေ့ရသည်။ အမှုနှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မုံရွာအကျဉ်းထောင်အတွင်း နယ်လှည့်ဖျော်ဖြေရေးအဖွဲ့မှ တစ်ရက်တာပျော်ရွှင်စေရန် လာရောက်ဖျော်ဖြေ

**မုံရွာ ဇွန် ၁၂**

မုံရွာ အကျဉ်းထောင်အတွင်း အကျဉ်းကျနေသော အကျဉ်းသား အကျဉ်းသူများ၏ တစ်နေ့တာ ပင်ပန်းမှုများ ပြေပျောက်စေရန်အတွက် မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၏ အစီအစဉ်ဖြင့် ဇွန် ၁၀ ရက် နံနက်ပိုင်းက အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့မှ လာရောက်ဖျော်ဖြေရာ အကျဉ်းသူ အကျဉ်းသားများ ပျော်ရွှင်ကြရကြောင်း အကျဉ်းကျသူတစ်ဦးထံမှ သိရသည်။

"အကျဉ်းကျနေတဲ့သူတွေကို အခုလို ဖျော်ဖြေရေးအဖွဲ့က လာရောက် ဖျော်ဖြေပေးတာ အများကြီး ကျေးဇူးတင်ပါတယ်။ ဘဝတူတွေအားလုံးလည်း တဒင်္ဂတော့ ပျော်ကြတာတွေ့ရပါတယ်။ အကျဉ်းသူ အကျဉ်းသားတွေက ထောင်ပိုင်ကြီးနဲ့အတူ ဆိုတဲ့သူကဆို ကတဲ့သူက ကနဲ့ ပျော်ခဲ့ကြပါတယ်"ဟု မုံရွာထောင်အတွင်း အကျဉ်းကျနေသူတစ်ဦးက ပြောပြသည်။

နယ်လှည့် ဖျော်ဖြေရေးအဖွဲ့သည် ရွှေဘိုမြို့မှတစ်ဆင့် မုံရွာမြို့ အကျဉ်းထောင်သို့ ကူးကာ လာရောက်ဖျော်ဖြေခြင်းဖြစ်ပြီး မုံရွာပြီးလျှင် ပခုက္ကူထောင်သို့ သွားရောက်ဖျော်ဖြေရမည် ဖြစ်ကြောင်း၊ ခရီးစဉ်အနေဖြင့် ရမည်းသင်းထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်၊ ၂၄ မိုင် ကျောက်စခန်း၊ ထုံးဘို(၁)နှင့်(၂)စခန်း၊ ရွှေဘို၊ မုံရွာ၊ ပခုက္ကူနှင့် ညောင်ဦးထောင်တို့တွင် ဖျော်ဖြေပေးခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာအကျဉ်းထောင် ဦးစီးအရာရှိ ဦးသိန်းလွင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာန၏ ညွှန်ကြားကြပ်မတ်မှုဖြင့် အကျဉ်းသူ အကျဉ်းသားများထဲမှ စာမတတ်သူများအား အ-သုံးလုံး အစီအစဉ်အဖြစ် စာပေများကို သင်ကြားပေးလျက်ရှိရာ စာတတ်မြောက်မှုများပြားနေပြီဖြစ်သလို အီလက်ထရွန်နစ် ပညာများကိုလည်း သင်ကြားပေးလျက်ရှိရာ ရက်ပြည့်၍ ထောင်မှလွတ်မြောက်သွားသူများထဲတွင် အဆိုပါ တတ်မြောက်ထားသော အီလက်ထရွန်နစ် နည်းပညာကိုအသုံးချကာ မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လူမှုဖူလုံရေးအကျိုးဝင်အာမခံအလုပ်သမားများအား အကျိုးခံစားခွင့်ငွေများပေးအပ်

**မော်လမြိုင် ဇွန် ၁၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလုပ်ဌာနများမှ အကျိုးဝင်မှတ်ပုံတင်ထားရှိသော အာမခံအလုပ်သမားများအား ငွေလုံးငွေရင်း အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၉ ရက်က မော်လမြိုင်မြို့နယ် လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်း မသန်စွမ်းမှုဖြစ်ပွားသူ ဦးအောင်ဘိုဘိုဝင်း (ကိုယ်ပွားသတင်းစာတိုက်၊ မော်လမြိုင်)ကို ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၃၁၃၇၄၀၊ ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်ခံစားနေသူ ဒေါ်ခင်အုန်းမြင့် (အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန)ကို ငွေကျပ် ၁၆၄၆၄၀နှင့် မီးဖွားမှု အကျိုးခံစားခွင့် ခံစားသူနှစ်ဦးကို ငွေကျပ် ၄၉၂၆၇၃ ကျပ် ၆၂ ပြားနာရေးစရိတ် အကျိုးခံစားခွင့် ရရှိသူတစ်ဦးအား ငွေကျပ် ၉၇၃၀၀ တို့ကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဝသန်ထွန်း**

# ဘုန်းတော်ကြီးကျောင်းအတွင်း လျှော့ကျနေသော မီးကြိုးကိုကိုင်သူ ဓာတ်လိုက်သေဆုံး

**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းမြို့နယ် ကိုင်းပြင်ကျေးရွာအုပ်စု လက်ပံတောကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း ခုနစ်ရက်တရားစခန်းဖွင့်ရန် ပြင်ဆင်နေစဉ် အုတ်ရေကန်အနီး လျှော့ကျနေသော မီးကြိုးကို ကိုင်မိသူတစ်ဦးကို ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် ည ၇ နာရီခွဲက စစ်ကိုင်းမြို့နယ် ကိုင်းပြင်ကျေးရွာအုပ်စု လက်ပံတောကျေးရွာနေ ရွှေတောင်ဦး ဘုန်းကြီးကျောင်းအတွင်း တရားစခန်းဖွင့်ပွဲအတွက် လုပ်ကိုင်နေကြစဉ် ကျေးရွာမှ ဦးကျော်ကျော်နှင့် ဦးကျော်ဆန်းဝင်းတို့က အုတ်ရေကန်အနီး သွယ်တန်းထားသော သွပ်နန်းကြိုးလျှော့ကျနေ၍ တုတ်ဖြင့်ထောက်ရာ မရသဖြင့် ဓာတ်မီးဖြင့်ထိုးကြည့်ရာ ဦးသောင်း (၆၂ နှစ်)မှာ အုတ်ရေကန်အနီး မီးကြိုးကို လက်ဖြင့်ဆုပ်ကိုင်လျက် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့ ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# တရားမဝင်ရောင်းချနေသော ဓာတ်ဆီဆိုင်များစစ်ဆေး

**ပုသိမ် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၄)ရပ်ကွက်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ CB ဘဏ်ပါ ဘဏ် ၁၀ ခု၏ အနီးပတ်ဝန်းကျင်၌ ရေသန့်ဘူးများဖြင့် ဓာတ်ဆီများ တရားမဝင်ရောင်းချနေခြင်းကို ပုသိမ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ထွန်းနိုင်နှင့် ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက်က လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် (၄)ရပ်ကွက် ရွှေစေတီလမ်း၌ ဦးဘချစ်(၄၈နှစ်)၊ ဦးဝင်းမြင့်ဦး(၃၄ နှစ်) ကွမ်းယာဆိုင်နှစ်ဆိုင်သည် ဓာတ်ဆီများကို ရေသန့်ဘူးများဖြင့်ထည့်၍ ရောင်းချနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ အရေးကြီးအဆောက်အအုံများနှင့် နီးကပ်နေ၍ ဓာတ်ဆီများမရောင်းချရန် ဆွေးနွေးပြောဆိုခဲ့ပြီး ဆိုင်ရှင်များကလည်း နောက်နောင်မရောင်းတော့ပါကြောင်း ပြောဆိုခဲ့ကာ အခြားဘဏ်များအနီး၌လည်း ဓာတ်ဆီဆိုင်များ မရှိတော့ကြောင်း သိရသည်။

**မြင့်ဟန်(iprd)**

MCC Foundation

# Proudly Sponsored by MCC Foundation

THE GLOBAL COMPACT WE SUPPORT

## MCC Foundation မှ ချီးမြှင့်မည့် ပညာသင်ဆု (Scholarship) နှင့် ပညာသင်ထောက်ပံ့ကြေး (Stipend) အစီအစဉ်

မြန်မာနိုင်ငံလူငယ်၊ လူရွယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်တွင် MCC Foundation အစီအစဉ်ဖြင့် MCC Franchise Center များမှ ဒေသအလိုက် ICT နည်းပညာများကို ဝင်ငွေနည်း မိသားစုများအတွက် အခမဲ့သင်ကြားပေးလျက်မှုများရှိပါသည်။

ထိုကဲ့သို့သော CSR (Corporate Social Responsibility) လုပ်ငန်းများပြုလုပ်ပေးသည့်အတွက် UN Globle Compact အဖွဲ့ဝင်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ အသိအမှတ်ပြုခံထားရသော ကုမ္ပဏီလည်း ဖြစ်ပါသည်။ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် MCC Foundatoin အနေဖြင့် (ကျပ်သိန်း ၅၀၀၀) ကျော်တန် ပညာသင်ဆု နှင့် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်သွားမည်ဖြစ်ပါသည်။

- MCC Campus အသီးသီးရှိ သင်တန်းများသို့ လာရောက်အပ်နှံမည့်သူများအတွက် မည်သူမဆို ဂုဏ်ထူး (၁)ဘာသာလျှင် ကျပ် (၁သိန်း)၊ သင်တန်းကြေးကင်းလွတ်ခွင့်ကို လျှောက်ထားရန်မလိုပဲ ခံစားနိုင်မည်ဖြစ်ပါသည်။
- ထူးချွန်ပညာသင်ဆုပေးမည့် အစီအစဉ် -
  * ဂုဏ်ထူး (၅ - ၆) ဘာသာရရှိသူ - သင်တန်းကြေး (၁၀၀%) ကင်းလွတ်ခွင့်
  * ဂုဏ်ထူး (၃ - ၄) ဘာသာရရှိသူ - သင်တန်းကြေး ( ၇၅%) ကင်းလွတ်ခွင့်
  * ဂုဏ်ထူး (၁ - ၂) ဘာသာရရှိသူ - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့်
- ပညာသင်ထောက်ပံ့ကြေး အနေဖြင့် ဂုဏ်ထူး (၃) ဘာသာနှင့် အထက်ရရှိသော ချို့တဲ့နွမ်းပါးသည့် ကျောင်းသား/သူများအား သင်တန်းကြေး (၅၀%)ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ပါသည်။ ယင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများအတွက် လျှောက်ထားရန်လိုအပ်ပါသည်။
- အစိုးရအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအတွက် အထူးအစီအစဉ်ဖြင့် ကျောင်းတစ်ကျောင်းခြင်းအလိုက် အောက်ပါ ပညာသင်ဆုနှင့် ထောက်ပံ့ကြေးအခွင့်အရေးများခံစားနိုင်ရန် စီစဉ်ထားပါသည်။ ကျောင်းတစ်ကျောင်းတွင် -
  * ဂုဏ်ထူး (၃) ဘာသာနှင့် အထက် - သင်တန်းကြေး (၁၀၀%) ကင်းလွတ်ခွင့် (၁)ဦး
  * ဂုဏ်ထူး (၂) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့် (၂)ဦး
  * ဂုဏ်ထူး (၁) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၂၅%) ကင်းလွတ်ခွင့် (၃)ဦး

ကျောင်းအတွက် ပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေး ဦးရေမှာ -
  * ဂုဏ်ထူး (၃) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့် (၂) ဦး ထပ်မံပေးအပ်သွားမည်ဖြစ်ပါသည်။

MCC APP

Google play

အသေးစိတ်အစီအစဉ်များ သိရှိရန်နှင့် MCC APP ကိုအသုံးပြုပြီး လျှောက်ထားနိုင်ပါသည်။

f www.facebook.com/mcc.institute

Hot-Line : 01-246634, 01-2304156


## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူအကျိုးပြုစိုက်ပျိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

(က) မြေအသုံးချရေးလုပ်ငန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ခ) မျိုးစေ့လုပ်ငန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) သီးနှံကာကွယ်ရေးလုပ်ငန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၇-၆-၂၀၁၅ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါနောက်ဆုံးတင်သွင်းရက်မှာ ၁၇-၇-၂၀၁၅ရက် ညနေ ၄း၃၀နာရီဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၂-၂၂၂၃၀၈၊ ၀၉-၃၁၂၁၄၅၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(တင်ဒါခေါ်ယူရေးအဖွဲ့)
ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၆၇၀၇၊ Toyota Alphard MB(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၇/ပခန(နိုင်)၁၄၀၅၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

### အမည်ပြောင်း

ဦးမျိုးဝင်းရှိန်၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းကုန်းအထက တက္ကသိုလ်ဝင်တန်းမှ မနှင်းနုရှိန် ၁၂/ကမတ(နိုင်)၀၇၇၆၈၈အား ယနေ့မှစ၍ မသဒ္ဒါဖြူစင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မသဒ္ဒါဖြူစင်အောင်

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၉၃၉၈၊ Toyota Corolla EE 98 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွဲ့သွဲ့အေး ၈/ရစက(နိုင်)၁၂၄၁၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8548၊ Hyundai Starex Mini Bus(4x2)L ယာဉ် လက်ဝယ်ရှိသူ ဦးမောင်ဆန်းဦး ၁၂/တတန(နိုင်)၀၅၉၇၄၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### အမည်ပြောင်း

ဦးအောင်လင်းဇော်၏သား အမက (၉) တာမွေ စတုတ္ထတန်း(ခ)မှ အောင်အောင်ဦးအား ယနေ့မှစ၍ အောင်သူဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဇာဇာဝင်း ၁၀/မဒန(နိုင်)၁၃၃၇၈၄၏ Psno(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၂၀၅၇


အချိန်မှီ အရောက်ပို့ မယ်ဗျို



မိုးရွာလို့ ရွှံ့ရွှဲစိုလည်း ချန်ပီယံကတော့ အိမ်အရောက်ပို့ပေးမှာပါဗျို့
09 4333 4111 01-682844
09 4333 4222 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံဗပါဆန်းမွှေး


### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးဝင်းနိုင် ၁၀/ခဆန(နိုင်)၀၉၅၆၆၁၏ Psno (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၂၀၅၇

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၅ခုနှစ် မေ ၂၉ရက် (သောကြာနေ့) မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)တွင် အများသိစေရန် ကြော်ငြာချက်မှ ဦးရဲမင်းသိန်း(ခ)ဦးမင်းသိန်း ၉/မသန(နိုင်)၀၂၂၄၃၄မှ ၉/မသန(နိုင်)၁၂၂၄၃၄သို့လည်းကောင်း၊ ဒေါ်ခင်လေးနိုင်(ခ)ဒေါ်ပပခိုင် ၇/ရကန(နိုင်)၀၃၁၅၀၂မှ ၇/ဇကန(နိုင်)၀၃၁၅၀၂ဟုလည်းကောင်း၊ အမှတ် G-1/၅၈ မှ D/၅၈ သို့လည်းကောင်းပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်ဖြူဖြူညွန့် B.A,H.G.P,D.B.L,D.M.L

## BMF BIDV MYANMAR FINANCE COMPANY LIMITED

We, BIDV Myanmar Finance Company Limited (BMF), a micro-finance joint venture, are recruiting ambitious candidates to fill-in following vacancies to implement our operation in Myanmar:

| # | POSITION | QTy | MAIN RESPONSIBILITY | REQUIRED COMPETENCIES | GENERAL REQUIREMENT |
|---|---|---|---|---|---|
| 1 | DEPUTY HEAD OF CUSTOMER RELATIONSHIP MANAGEMENT DEPARTMENT | 01 | - Marketing micro-finance products to customers and developing customer relationship:<br>- Building strong relationship with local authorities/ associations (e.g.: Myanmar Woman Association, Rural/Agriculture Promoting Association, etc…) for group loan products.<br>- Team-up with BMF's staffs to design and implement micro-finance products to meet market's demand. | - Have experiences, knowledge in microfinance sector, specifically in Yangon Division.<br>-Enthusiastic and responsible to job<br>- Deep knowledge, skillful and experiences in building relationships<br>-Minimum (3) years experience in rural development, rural credit program, credit methodology and rural banking. | -Diploma/ Bachelor degree in Business Administration, Finance, Accounting, Banking;<br>- Competency in spoken and written English;<br>- Computer competency in Microsoft Office (MS Words, Excels);<br>- Other skills: capable of independent and team work;<br>- Age: under 35;<br>- Good health conditions; |
| 2 | CUSTOMER RELATIONSHIP MANAGEMENT (CRM) OFFICER | 05 | Approaching new customers and developing customer relationship: the main task of CRM Officer is to approach vicinities in Yangon Division (village, village tract, ward…) to search for customers who have credit need, collect customer's loan profiles, appraise/analyze their financial capacity and business plan, summit Credit Report to Head of CMR Department. | -Enthusiastic and responsible to job<br>- Experience in Microfinance, driving skill are preferred<br>-Fresh graduations are accepted | |
| 3 | CREDIT ADMINISTRATION OFFICER | 01 | - Supervise the internal procedures in compliance with regulations and credit approval in credit granting activities;<br>- Input credit information to the management information system<br>- Storage and manage all credit files; | - Analytic skills and detail oriented;<br>- Enthusiastic and responsible to job;<br>- Fresh graduations are accepted.<br>- Female candidates are preferred | |
| 4 | CREDIT RISK MANAGEMENT OFFICER | 01 | -Appraise the Credit proposal reports<br>- Assess and propose credit portfolio suitably from time to time.<br>-Draft internal credit procedures/regulations; | - Analytic skills and detail oriented;<br>- Enthusiastic and responsible to job;<br>- Fresh graduations are accepted.<br>- Female candidates are preferred | |
| 5 | TELLER | 01 | - Processing transaction<br>- Manage accounts and customer transactions (open/close saving accounts)<br>- Other funtions | - Careful, enthusiastic and responsible to job.<br>- Honest and friendly to customers.<br>- Fresh – graduations are accepted<br>- Female candidates are preferred. | |
| 6 | CASHIER | 02 | - Responsible for banknotes and vaults operations of the Company; | - Careful, enthusiastic and responsible to job.<br>- Honest and friendly to customers.<br>- At least 6 months experience.<br>- Female candidates are preferred. | |
| 7 | ACCOUNTANT | 01 | - Keep internal account;<br>- Administering payrolls;<br>- Ensuring taxation legislation compliance . | Have at least 2 year's working experience in an accounting related field. | |
| 8 | DRIVER | 02 | - Responsible for ensuring the proper maintenance of BMF vehicles;<br>- Satisfy safety transportation of staffs to their respective destinations. | - Male 22-35<br>- 05 years experience or over;<br>- Able to speak english .<br>- Familiar with Yangon Division | Driver recruitment by BIDV Representative Office |

- **Job Details**: Job location: Yangon City; Type of Employment: full time; starting date: 01/07/2015;
- **Application folder:** Application Letter clearly states the applied position and contact details; Detail curriculum vitae along with copy of relevant supporting documents ( Post Graduate, Graduate, Other Qualifications and Certifications...) ; ID card/Passport (1 copy) ; 2 Photo (3x4 cm2). Documents and endorsed by competent authority shall be required upon recruited.
- Only short listed candidates will be contacted for interview (Estimated interview time: 15-16/06/2015).
- **Time and place to submit:** directly submit to BIDV Representative Office at 33/36 Garden Street (Ou Yin Street), New University Avenue Road, Bahan Township, Yangon **or** via email address tuanpm3@bidv.com.vn.com ; chinhldbidv@gmail.com from **01/06/2015-15/06/2015.**
- **Benefit:** Selected candidates will be offered competitive salary and other bonuses, a professional and active working environment, and many other opportunities to improve working skills and be promoted in career.
- For more information, please contact Mr. Thein Zaw (H/P: 0943151701)

Your life, our care
www.bmf.com.mm

## သတင်းတိုများ

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျုံပျော်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု သပြေကွင်းကျေးရွာ၌ ဇွန် ၅ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ ကျုံပျော်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရေကြည်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သပြေကွင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်၊ ကံ့ကော်စသည့် ပျိုးပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

### ဝက်လက်မြို့၌ ဒီဂျစ်တယ်စာကြည့်တိုက်စနစ် တပ်ဆင်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ရှိ လူစည်ကားရာနေရာဖြစ်သော နာရီစင်အနီး ခိုင်ပန်းဖြူကဖေး၌ ပြည်သူများ ဝိုင်ဖိုင်မှတစ်ဆင့် ဖုန်းနှင့်တက်ဘလက်များဖြင့် စာအုပ်များ အလွယ်တကူဖတ်ရှုနိုင်မည့် Public Digitial Library စက်ကို ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇွန် ၈ ရက်နေ့မှစ၍ တပ်ဆင်ထားပြီးဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများ စာပေဖတ်ရှုမှုတိုးလာစေရေးအတွက် တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ဆိပ်ဖြူ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၅)ကို စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၉)စက်မှုလယ်ယာစခန်း (ဆင်ဖြူကျွန်း)က ဇွန် ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုလွင်က ကျေးလက်နေပြည်သူများ လယ်ယာစိုက်ပျိုးရေးကိရိယာများကို ကိုင်တွယ်မောင်းနှင် အသုံးချနည်းများအား နားလည်တတ်မြောက်ပြီး မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင် အသုံးချလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

သင်တန်းတွင် အမှတ်(၆၉)စက်မှုလယ်ယာစခန်း(ဆင်ဖြူကျွန်း)မှ နည်းပြဆရာ ၁၃ ဦးက ထွန်စက်ကြီးများ မောင်းနှင်ထွန်ယက်ခြင်း၊ လက်တွန်း ထွန်စက်မောင်းနှင်ထွန်ယက်ခြင်း၊ DKC 865 ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုခြင်း၊ ကောက်စိုက်စက်အသုံးပြု၍ ကောက်စိုက်ခြင်း၊ စက်မှုလယ်ယာမြေ စနစ်တကျဖော်ထုတ်ခြင်း စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို ဇွန် ၂၀ရက်အထိ ၁၀ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသို့ ဆိပ်ဖြူမြို့နယ်အတွင်းရှိ မြင်ကဝ၊ အောက်ဆိပ်၊ ကျီးပင်နှင့် ချင်တောင်ကျေးရွာများမှ သင်တန်းသား ၃၀ ဦးတက်ရောက်ခဲ့သည်။

သင်တန်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၏လမ်းညွှန်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကြီးကြပ်၍ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ အမှတ်(၆၉)စက်မှုလယ်ယာစခန်း ဆင်ဖြူကျွန်းမြို့မှ သင်တန်းနည်းပြဆရာများနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**စိုးလင်းနိုင်(iprd)**



# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲနှင့် ဆိုင်းဘုတ်စိုက်ထူပွဲကျင်းပ

**ရေကြည် ဇွန် ၁၂**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရေကြည်မြို့နယ် ပုသိမ်-မုံရွာကားလမ်းအနီး ဝက်ရုပ်ကျေးရွာအုပ်စု ချင်းကုန်းကျေးရွာ၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကိုလည်း စိုက်ထူခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးရီနှင့် ဘိနယ်တာဝန်ခံဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ချင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများက ကျွန်းပင် ၂၀၀ နှင့် ယူကလစ်ပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေး သင်တန်းဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးသင်တန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်မောင်မောင်က အမှာစကားပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးစိုးမင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးသင်တန်းသို့ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးခြင်းနှင့် လမ်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကနီ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေးခြင်းနှင့် လမ်းရှင်းရေးလုပ်ငန်းများကို ဇွန်လဆန်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လမ်းရှင်းရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးတို့ ပူးပေါင်းပြီး ဇွန်လပထမအပတ်နှင့် ဒုတိယပတ်များမှစတင်၍ ကနီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသည် မြို့လယ်လမ်းမကြီးဘေးတွင်တည်ရှိသဖြင့် မြို့တွင်းသို့သွားလာနေကြသော ပြည်သူများ၊ ဈေးသည်များနှင့် ကျောင်းသားကျောင်းသူများပါ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**သန်းဌေးအောင်(ကနီ)**


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/6092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရှာသာကြီး)**

**General Manager**

**Job Description:-**
This position is best served by someone with strong business to business sales experience. Knowledge of heavy construction equipment will be an added advantage. The General Manager(GM) will bedirectly responsible, and fully accountable, for the sale of heavy equipment machinery. The GM's responsibility includes but is not limited to business development, sales & operation management, sales planning, and market development. The desired candidate must have a strong understanding of the principles of sales management, cost structures, credit risks, and cash flows.

**Responsibilities:-**
- Provide overall leadership and direction for the department
- Lead, motivate and coach the team to perform the functions effectively and efficiently
- Drive profitable sales and develop annual sales plan.
- Understand competition, market trend and customer base in order to formulate customer sales plan.
- Set individual sales target and drive the sales team to outperform
- Work with manufacturer to coordinate sales, product training and ordering
- Cultivate, and enhance, relationships with new and existing customers
- Provide timely report for sales, order forecast and updates
- Perform other related duties as assigned

**Requirements:-**
- Bachelor Degree or equivalent
- Around 5-10 years' experience in sales
- Strong analytical and negotiation skills
- Good interpersonal and communication skills
- Preferably with driving license
- Ability to work in a rapidly changing and emerging market
- Business proficiency in English, and Burmese/Mandarin is desirable

**To Contact:-**
- **Prime Moving Forward Auto Service Co.,Ltd.**
- No.74, Lanthit Street, Nantharkone Ward, Insein Township.
- Email:winthein610@gmail.com
- Ph:09977720597

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂စီ)၊ မြေကွက်အမှတ်(၁/၁၈၆)(ဝ.၁၇၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ကာသ(၇)လမ်း၊ သယ်နီးကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက် ငယ်စာရင်းအမည်ပေါက်ဦးဝင်းမော်(၁၂/မဂဒ(နိုင်)၁၀၃၉၄၈)မှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြ၍ နံ(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်နိုင်လိုသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည်ပြောင်း**

ဦးဇော်မင်းဌေး၏သမီး အထက(၂) ရန်ကင်း တတိယတန်းမှ မမြရတနာခင်အား ယနေ့မှစ၍ မဖူးပွင့်ရတနာခင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဖူးပွင့်ရတနာခင်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ဇင်မင်းသွဲ့ထံမှ စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူထားသူ ဒေါ်သီတာအေး ၁၂/ပဘတ(နိုင်)၀၀၅၃၂၃က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါသည်**

တာမွေမြို့နယ်၊ မေတ္တာညွန့် NDCG အိမ်ရာ၊ ဒဂုံလွင်လမ်း၊ တိုက် ၁၊ အခန်း ၄၀၂ ကို မူလအမည်ပေါက်ပိုင်ရှင် ဒုဗိုလ်မှူးကြီး ထင်ကျော်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးအောင်မြင့် ၁၂/ရကန(နိုင်)၀၆၃၀၅၂က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

FAME
Biogurt®
Probiotic supplement
ဒိန်ချဉ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011383 (0615)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME
Vomigin®
Natural antiemetic tablet
ချင်းသောက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009056 (0714)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်နေထက်လင်းနှင့် မောင်ကျော်ဇင်၊ ပဉ္စမတန်းမှ မောင်ဇင်မျိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးလှဆွေ ၅/ကဘလ(နိုင်)၀၆၉၀၀၃ ဖြစ်ပါသည်။

**ဦးလှဆွေ**

## အမည်ပြောင်း

မော်လမြိုင်မြို့၊ အောင်သိပ္ပံလမ်း၊ အောက်ကျင်းရပ်ကွက်နေ ဦးသိန်းမောင်၏ သမီး မအိအိသဇင်အား မအိသူသူဟန်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိသူသူဟန်**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(D)မှ မအိအိစိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၉/ပဗသ(နိုင်)၀၁၂၀၉၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးနေမျိုး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (SB1)မှ မောင်သျှန်မင်းထင်အား မောင်သျှံမင်းထင်ဟု ခေါ်ပါရန်။ **မောင်သျှံမင်းထင်**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်
# အကြောင်းကြားစာ
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၅ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၆၈

ဦးအောင်ဇော်မြင့် နှင့် ဦးမိုဟာမက်စံလင်း
အမှတ်-၂၀၅၊ ၃၂ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

**၂၀၁၄ခုနှစ် အောက်တိုဘာ ၁၄ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၈၃/၂၀၁၁ ၏ အမိန့်ကိုပြင်ဆင်မှု**

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ဦးမိုဟာမက်စံလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၅ခုနှစ် ဇွန် ၂၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်ကို သင်တို့၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(နီနီ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
### ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၃၀၀

ဒေါ်သန်းသန်းမြင့် နှင့် ဦးထွန်းလှိုင်

**တရားလို** **တရားပြိုင်**

အမှတ် ၁၉၊ ရန်ပြေလမ်း ၂၀ အရှေ့၊ ရန်ပြေ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးထွန်းလှိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

